ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းလွှာ

# နိုင်ငံရေးအကျဉ်းသားသတင်း

## ၂၀၀၄ မတ်


- စာရေးဆရာ မုံရွာအောင်ရှင် ထောင်တွင်း၌ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ *၁၊ မတ်၊ ၂၀၀၄*
- ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ်အား အင်းစိန် အချုပ်ဆေးရုံသို့ ပြန်ပို့ *၂၊ မတ်၊ ၂၀၀၄*
- မှန်ပြည်သစ်ပါတီမှ နိုင်ယကွ အင်းစိန်ထောင်တွင်းကျန်းမာရေးဆိုးရွားနေ *၃၊ မတ်၊ ၂၀၀၄*
- ငှက်အော်စမ်း စခန်းမှ ပြန်လည်လွတ်မြောက်လာသည့် မောင်ချမ်းသာကျော်နှင့် ဆက်သွယ်မေးမြန်းချက် *၃၊ မတ်၊ ၂၀၀၄*
- ကိုဌေးကြွယ်အား လွှတ်ပေးရန်နှင့် ဆေးကုသခွင့်ပြုရန် မိခင်ဖြစ်သူမှ နအဖ စစ်ခေါင်းဆောင်များကို စာရေးတင်ပြ *၄၊ မတ်၊ ၂၀၀၄*
- နိုင်ငံရေးအကျဉ်းသား ၅ ဦးပြန်လည်လွတ်မြောက် *၅၊ မတ်၊ ၂၀၀၄*
- ကျန်းမာရေးအခြေအနေဆိုးရွားနေ၍ ကိုသက်ဝင်းအောင်အား မန္တလေးဆေးရုံကြီးသို့ တင်လိုက်ရ *၆၊ မတ်၊ ၂၀၀၄*
- လွှတ်မြောက်လာသည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင် ကိုငွေလင်းနှင့် ဆက်သွယ်မေးမြန်းချက် *၈၊ မတ်၊ ၂၀၀၄*
- ဥပဒေမဲ့ သေဒဏ်ချမှတ်ခံထားရသူများ ပြန်လွှတ်ပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီက နအဖအား တောင်းဆို *၁၀၊ မတ်၊ ၂၀၀၄*
- ကိုသက်ဝင်းအောင်အား မိသားစုမှ ထောင်ဝင်စာတွေ့ခွင့်ရ *၁၂၊ မတ်၊ ၂၀၀၄*
- ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ်၏ ကျန်းမာရေးကောင်းမွန်ခြင်း မရှိသေး *၁၆၊ မတ်၊ ၂၀၀၄*
- ကိုသက်ဝင်းအောင် ထောင် ဆေးရုံပေါ်၌ ကျန်းမာရေးအခြေအနေဆိုးရွားနေ *၁၇၊ မတ်၊ ၂၀၀၄*
- ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ကိုဇော်မင်း ထောင် ၁ နှစ်စီ တိုးမြှင့်ခံရ *၁၇၊ မတ်၊ ၂၀၀၄*
- ပြန်လွှတ်လာသည့် နိုင်ငံရေးအကျဉ်းသားများကို နိုင်ငံကူးလက်မှတ်နှင့် လုပ်ငန်းလိုင်စင်များချမပေးဘဲ ပိတ်ပင်ထား *၁၈၊ မတ်၊ ၂၀၀၄*
- ကျောက်တန်း အဖွဲ့ချုပ်ကိုယ်စားလှယ် ဒေါက်တာ သန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ *၁၈၊ မတ်၊ ၂၀၀၄*
- **ILO** သို့သတင်းပေးခဲ့သည်ဆိုသော စွဲချက်ဖြင့် သေဒဏ်ချခံထားရသူများအား ပြန်လွှတ်ပေးရန် **ICFTU** တောင်းဆို *၁၉၊ မတ်၊ ၂၀၀၄*
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအား မတရား ဖမ်းဆီး ထောင်ချခြင်းများဆက်လက် လုပ်ဆောင်နေ *၂၀၊ မတ်၊ ၂၀၀၄*
- မေမြို့ အဖွဲ့ချုပ်ဝင် ဦးစလင်းကိစ္စ သမီးဖြစ်သူနှင့် ဆက်သွယ်မေးမြန်းခြင်း *၂၁၊ မတ်၊ ၂၀၀၄*
- ရေနံအလုပ်သမား ဦးငြိမ်းမောင် သာယာဝတီထောင်မှ လွတ်မြောက် *၂၁၊ မတ်၊ ၂၀၀၄*
- မတရား ဖမ်းဆီးထောင်ချခံရသည့် မေမြို့ အဖွဲ့ချုပ် အဖွဲ့ဝင် ဦးစလင်း၏ သမီးဖြစ်သူနှင့် ဆက်သွယ်မေးမြန်းချက် *၂၂၊ မတ်၊ ၂၀၀၄*
- **NLD** အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် မသန်းသန်းစုဝင်း ညေ့စာရင်းမတိုင်မှုဖြင့် အလုပ်ကြမ်းနှင့်ထောင် ၇ ရက်ချမှတ်ခံရ *၂၃၊ မတ်၊ ၂၀၀၄*
- ကဗျာဆရာ ကြည်တင်ဦး အင်းစိန် ထောင်ဆေးရုံ၌ ကုသနေရ *၂၄၊ မတ်၊ ၂၀၀၄*
- ကလေးထောင်ရှိ ကိုအောင်ကျော်ဟိန်း၏မိခင် ကဗျာဆရာမ မရီဝေနှင့် ဆက်သွယ်မေးမြန်းချက် ဒုတိယပိုင်း *၂၅၊ မတ်၊ ၂၀၀၄*
- ကဗျာဆရာ ကြည်တင်ဦး အင်းစိန်ထောင်မှ ပြန်လည်လွတ်မြောက် *၂၇၊ မတ်၊ ၂၀၀၄*
- သာယာဝတီထောင်တွင်းရှိ ပေါက်ခေါင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောနေဒွန်း ကျန်းမာရေးဆိုးရွား *၂၇၊ မတ်၊ ၂၀၀၄*
- ရဲဘော်ဖုန်းမော် နှစ်ပတ်လည်နေ့၌ ပင်နီတိုက်ပုံဝတ်သဖြင့် ဒဂုံတက္ကသိုလ်ကျောင်းသား ၅ ဦး ဖမ်းဆီးခံရ *၂၇၊ မတ်၊ ၂၀၀၄*
- ဖမ်းဆီးခံထားရသည့် သံဃာတော်အပါး ၁၀၀ ကျော်ထဲမှ ၂၆ ပါး ထောင်ဒဏ် ၁၈ နှစ်ချမှတ်ခံရ *၂၈၊ မတ်၊ ၂၀၀၄*
- ပြန်လည်လွတ်မြောက်လာသော ကဗျာဆရာ ကြည်တင်ဦးနှင့် ဒီဗွီဘီ သတင်းထောက်တို့ ဆက်သွယ်မေးမြန်းချက် *၂၈၊ မတ်၊ ၂၀၀၄*
- ကျောင်းသားလှုပ်ရှားမှုသမိုင်းစာအုပ်နှင့်ပတ်သက်၍ ဖမ်းဆီးခံရသူဒေါက်တာမောင်မောင်ကျော် ကျန်းမာရေးဆိုးရွား *၃၀၊ မတ်၊ ၂၀၀၄*
- ဗကသများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကိုကိုကြီးအား နအဖ က ထောင်သက်တမ်း ၆ လ ထပ်မံတိုးမြှင့် *၃၁၊ မတ်၊ ၂၀၀၄*

## စာရေးဆရာ မုံရွာအောင်ရှင် ထောင်တွင်း၌ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ

*၁၊ မတ်၊ ၂၀၀၄*

အင်းစိန်ထောင်တွင် ထောင်ဒဏ် ၂၀ နှစ် ချမှတ်ခံထားရသည့် စစ်ကိုင်းတိုင်းအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ စာရေးဆရာ မုံရွာအောင်ရှင် အကျဉ်းထောင်အတွင်း၌ ရင်ကြပ်ရောဂါ ပြင်းပြင်းထန်ထန်ခံစားနေရကြောင်းသိရသည်။

ဦးအေးကြူ (ခေါ်) စာရေးဆရာမုံရွာအောင်ရှင်ကို ၂၀၀၀ ခုနှစ် စက်တင်ဘာလတွင် စစ်ထောက်လှမ်းရေးကဖမ်းဆီးပြီး ပုဒ်မ ၅ (ည) နှင့် ထောင်ဒဏ် ၂၀ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယခုလောလောဆယ်အင်းစိန်ထောင်အတွင်း၌ ကျန်းမာရေးအခြေအနေဆိုးရွားနေသည့်အကြောင်း သား ဖြစ်သူ ကိုသက်ထွန်းလင်းက ယခုလို ပြောပြခဲ့သည်။

"အစကတည်းကကို ပန်းနာရင်ကြပ်ရှိတယ်။ ထောင်ထဲမှာဆိုတော့ အခုရာသီဥတုအခြေအနေနဲ့ ပိုဖြစ်လာတာပေါ့။ ပိန်သွားတယ်။ ခုတလော ချောင်းတော်တော်ဆိုးတယ် ပြောတယ်။ သွေးတော့ မပါဘူးထင်တယ်။ ဒီလို ရင်ကြပ်တဲ့အခါ မတ်တပ်အိပ်ရတယ်တဲ့။ တခါတလေ ထိုင်လျက်အိပ်ရတယ်တဲ့။ လှဲနေရင် အသက်ရှူတော်တော်ကြပ်လာတယ်တဲ့။ ထောင်ဝင်စာသွားတွေ့တဲ့အချိန်ကျရင် သူမှာတဲ့ဆေး အပြင်က ဝယ်ပေးရပါတယ်"

စာရေးဆရာ မုံရွာအောင်ရှင်၏ စာပေခရီးဖြတ်သန်းမှုအကြောင်းကို သမီးဖြစ်သူ မသော်တာငြိမ်းက ...

"အဖေဟာ ၁၉၆၂ ခုနှစ်မှာ ကဗျာစရေးခဲ့တယ်။ နောက်ပိုင်းမှာ တာဝန်ယူခဲ့တာက ဂီတပဒေသာ၊ မိုးဝေ၊ စံပယ်ဖြူ၊ ပန်၊ စာမော်ကွန်းတွေမှာ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့တယ်။ အဲဒီနောက်မှာ စာအုပ်ထုတ်ဝေခွင့် မရတော့ဘူးလေ။ စာပေနဲ့ပတ်သက်တာ ဘာမှလုပ်ပိုင်ခွင့် မရှိတော့ဘူး။ ကျမ မှတ်မိတာက ပန်နဲ့ စံပယ်ဖြူတို့ ကျမတို့ အသက်ကြီးတဲ့ထိ ထုတ်ခွင့်ရသေးတယ်။ ၈၈ နောက်ပိုင်းမှာ နိုင်ငံရေးလုပ်တယ်။ အဖေပြောပြသလောက် အဲဒီ စာအုပ်တိုက်က သူ့မိတ်ဆွေတွေ အကုန်လုံး နိုင်ငံရေးစိတ်ဓာတ်ရှိတဲ့အတွက် စာတွေလည်း ငြိလို့နဲ့တူတယ်။ အပိတ်ခံလိုက်ရတာ"

၁၉၆၇ ခုနှစ်ကတည်းက နိုင်ငံရေးလှုပ်ရှားမှုစွပ်စွဲချက်ဖြင့် မဆလ အစိုးရက မုံရွာအောင်ရှင်ကိုဖမ်းဆီးပြီး ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့သည်။ ၉၀ ခုနှစ်ရွေးကောက်ပွဲကာလတွင် မုံရွာမြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးမှူးအဖြစ် တက်ကြွစွာဆောင်ရွက်ခဲ့ခြင်းကြောင့် စစ်ထောက်လှမ်းရေး၏ ၁ လကြာ ဖမ်းဆီး စစ်ဆေးခံခဲ့ရပြီး ၉၈ ခုနှစ် CRPP ဖွဲ့စည်းစဉ်ကာလ၌ ၄ လကြာထပ်မံဖမ်းဆီးခံခဲ့ရသည်။ ယခုလို မကြာခဏဖမ်းဆီးခံခဲ့ရခြင်းကြောင့် ဇနီးနှင့်သမီးတဦး ကွယ်လွန်ချိန်တွင် အကျဉ်းထောင်အတွင်းမှသာ လာရောက်တွေ့ဆုံခဲ့ရကြောင်းကို သားဖြစ်သူ ကိုသက်ထွန်းလင်းက ...

"အမေ အသည်းအသန်ဖြစ်တဲ့အချိန်မှာထောက်လှမ်းရေးအဖွဲ့ကို သွားပြောပါတယ်။ ညနေ ၆ နာရီမှာ အမေ့ကို မုံရွာဆေးရုံကြီးကို တင်လိုက်ရပါတယ်။ တင်လိုက်ပြီးတော့မှ သူတို့က အမေ တကယ်ဆေးရုံ တက်၊ မတက် လာကြည့်ပြီးတော့မှ ၁၀ နာရီခွဲလောက်မှာ အဖေ့ကို လွှတ်လိုက်ပါတယ်။ ၁၁ နာရီ ၄၅ လောက်မှာ အမေဆုံးသွားပါတယ်။ အမေ့မှာက မလောက်ငတဲ့မိသားစုမှာ အငတ်ခံခဲ့တာလည်းပါတာပေါ့။ အဲဒါနဲ့ အာဟာရချို့တဲ့ပြီး ဖြစ်တာပဲ။ ညီမလေးတုန်းကတော့ ရောဂါစဖြစ်တဲ့အချိန်မှာ အဖေ အဆွဲခံထားရတယ်။ ကျနော်တို့က မသိခဲ့ဘူး။ ညီမလေး ဆေးရုံတင်ဖို့ အဖေ့ကို ၂ ပတ်လောက် စောင့်နေခဲ့ကြသေးတယ်။ ငွေကြေးမပြေလည်တဲ့ကိစ္စတွေလည်းပါတာပေါ့။ ဒီလိုပဲ စောင့်ရင်းစောင့်ရင်းနဲ့ အဖေအဖမ်းခံလိုက်ရပြီဆိုတာသိတော့ ရှိတာလေးနဲ့ ဆေးရုံတင်လိုက်ရတယ်။ လိုအပ်တဲ့ဆေးဝါးတွေလည်း သေချာအတိအကျ မပေးနိုင်ခဲ့ဘူး။ သွေးလှူခိုင်းဖို့လုပ်တဲ့အချိန်မှာပဲ ညီမလေးက အသက်မရှိတော့ဘူး။ မိဘနှစ်ပါးလုံးမရှိတဲ့အချိန်မှာ ဒီလိုရောဂါမျိုးဖြစ်ပြီးတော့ ငွေကြေးမတတ်နိုင်လို့ဆုံးတယ်လို့ ကျနော်ယူဆလိုက်တယ်။ အသုဘချတဲ့အချိန်မှာ အဖေ လာကြည့်ခွင့်ရပါတယ်။ ပြီးတော့ ပြန်သွားပါတယ်"

စာရေးဆရာ မုံရွာအောင်ရှင်သည် မကြာခဏဖမ်းဆီးခံခဲ့ရပြီး သားသမီး ၆ ဦး၏ စားဝတ်နေရေးကို မိခင်တဦးတည်းကပဲ ခက်ခက်ခဲခဲ တာဝန်ယူလုပ်ဆောင်ခဲ့ရခြင်းကြောင့် သားသမီးများ၏ ပညာရေးလည်း ထိခိုက်ခဲ့ရသည်ဟု ကိုသက်ထွန်းလင်းက ဆက်လက်ပြောပြသည်။ သို့သော် ဖခင်၏ မှန်ကန်သည့်လုပ်ရပ်ကို အမြဲဂုဏ်ယူနေသည့်အကြောင်း ကိုယ်တိုင် အဖွဲ့ချုပ်ဝင်တဦးဖြစ်သည့် သမီးဖြစ်သူမသော်တာငြိမ်းက ယခုလိုပြောပြထားသည်။

"သားသမီး ဆုံးတယ်၊ မိန်းမ ဆုံးတယ်။ အဲဒီအချိန်မှာ မျက်နှာတချက်မပျက်ဘူး။ နိုင်ငံရေးကိုအားသန်တယ်။ စိတ်ဓာတ်လည်းထက်သန်တယ်။ စီးပွားရေးတွေလည်း အများကြီး လစ်ဟင်းခဲ့ရတယ်။ ဘာစီးပွားရေးမှလည်း မလုပ်တော့ဘူး။ အဲဒီချိန်မှာ အမေက ဈေးဗန်းခေါင်းပေါ်ရွက်ပြီးတော့ ကျမတို့ မောင်နှမ ၆ ယောက်ကို ရှာဖွေကျွေးမွေးခဲ့တယ်။ အတန်းပညာတွေလည်း ၁၀ တန်းထိပဲ ကျမတို့အကုန်လုံး နေရတယ်။ ဒါပေမယ့် အမေက အဖေ့ကို အားပေးတယ်။ ပါရမီဖြည့်ပေးခဲ့ပါတယ်။ သေတဲ့အထိပေါ့။ အဖေ့ကို သားသမီးတွေကလည်း ပါရမီဖြည့်ပေးကြပါတယ်။ အဖေ့အပေါ်မှာ ငြိုငြင်မှု မရှိဘူး။ အဖေ့ရဲ့ဂုဏ်သိက္ခာအတွက်ပဲ ဦးစားပေးတယ်။ အဖေရှာမကျွေးနိုင်လို့၊ သူများနဲ့တန်းတူ အဆင့်တန်းမြင့်မြင့်မနေရတဲ့အမေ့မှာ အဖေ့ကို ဘယ်တော့မှ မငြိုငြင်ခဲ့ဘူး။ အဖေက အများပြည်သူအတွက် အသက်နဲ့ရင်း၊ မိသားစုနဲ့ရင်းပြီးတော့မှ ဒီမိုကရေစီရဖို့ လုပ်နေတဲ့အတွက် အခုလို ထောင် ၂၀ နှစ်ကျတဲ့ အချိန်မှာလည်း ကျမတို့မှာ အားငယ်တဲ့စိတ်မျိုး မရှိဘူး။ အကုန်လုံးက အဖေ့ကို အားပေးတယ်။ အဖေထောင်ကျတယ်ဆိုတာ လုယက်၊ ခိုးဆိုး၊ လူသတ်ပြီးတော့ ကျတာမဟုတ်ဘူး။ အများပြည်သူအတွက်နိုင်ငံချစ်စိတ်နဲ့ အနစ်နာခံတာ။ အဲဒါအတွက်အမြဲတမ်းဂုဏ်ယူတယ်"

အစသို့

## ကျောင်းသားခေါင်းဆောင်ကိုဒွေးကြွယ်အား အင်းစိန် အချုပ်ဆေးရုံသို့ ပြန်ပို့

*၂၊ မတ်၊ ၂၀၀၄*

အင်းစိန်ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည့်ကျောင်းသားခေါင်းဆောင် ကိုဒွေးကြွယ်ကို ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းမရှိဘဲ အင်းစိန်ဆေးရုံအချုပ်ဆောင်သို့ ပြောင်းရွှေ့ထားလိုက်ပြီဟုသိရသည်။ သို့သော် ကိုဒွေးကြွယ်သည် ထိုင်နိုင်ခြင်း မရှိသလို ကောင်းကောင်းစကားပြောနိုင်သည့်အခြေအနေမှာပင် မရှိသေးကြောင်း မိသားစုဝင်များက ပြောဆိုသည်။

ဗိုလ်ခွဲထားသည့်ဝေဒနာသည် နိုင်ငံရေးအကျဉ်းသားတဦးကို ယခုလို အချုပ်ဆေးကုသခန်းထဲ ပြောင်းရွှေ့လိုက်ခြင်းမှာ ကျန်းမာရေးရှုဒေါင့်အရ မသင့်တော်ဟု အင်းစိန်ဆေးရုံက အမည်မဖော်လိုသည့် ဆရာဝန်တဦးကလည်းပြောဆိုသည်။ အဆိုပါ ဆရာဝန်၏အဆိုအရ အချုပ်ဆေးကုသဆောင်မှာ လေဝင်လေထွက် မကောင်းသလို HIV/AIDS ရောဂါသည်များလည်း ရှိနေသည်ဟုသိရသည်။။ အခြားအကျဉ်းကျရောဂါသည်မျိုးစုံနှင့် ရောနှောထားသည့်အတွက်မလိုလားအပ်သည့် ရောဂါပိုးကူးစက်မှုများလည်း ဖြစ်လာနိုင်ကြောင်း အဆိုပါဆရာဝန်ကဆိုသည်။ သို့သော်လည်း အထက်အာဏာပိုင်များ အမိန့်အရဘာမျှ မတတ်နိုင်ကြောင်းလည်း ၎င်းက ပြောဆိုသည်။

ဗိုက်ခွဲလူနာ ကိုဌေးကြွယ်ကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ပြုစုကုသပေးခွင့်မရှိသည့် အပေါ်ကိုလည်း ဆရာဝန်တဦးအနေဖြင့် စိတ်ပျက်မိကြောင်း အင်းစိန်ထောင်ရှိဆရာဝန်က ပြောဆိုသည်။ ကိုဌေးကြွယ်၏မိခင် ဒေါ်မိမိလေးကမူ လွှတ်ရက်ကျော်နေပြီး ကျန်းမာရေးမကောင်းသည့် သားဖြစ်သူကို ပြန်လွှတ်ပေးရန် နအဖထိပ်ပိုင်းခေါင်းဆောင်များထံ မနေ့က စာရေးတောင်းဆိုခဲ့သည်ဟုလည်း သိရသည်။ အစသို့

## မွန်ပြည်သစ်ပါတီမှ နိုင်ယက္ခအင်းစိန်ထောင်တွင်းကျန်းမာရေးဆိုးရွားနေ

*၃ ၊ မတ် ၊ ၂၀၀၄*

သေဒဏ်ချမှတ်ခံထားရသည့် အင်းစိန်ထောင်တွင်းရှိ မွန်ပြည်သစ်ပါတီအဖွဲ့ဝင် နိုင်ယက္ခ ကျန်းမာရေးအခြေအနေဆိုးရွားနေကြောင်း လွတ်လပ်သော မွန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

နအဖ ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သည်ဆိုသောစွပ်စွဲချက်ဖြင့် ပြီးခဲ့သည့်နှစ် ဇူလိုင်လက နိုင်ယက္ခကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့နောက် အခြား ဒီမိုကရေစီရေးလှုပ်ရှားသူ အချို့နှင့်အတူ နအဖ က သေဒဏ်အမိန့်ချမှတ်ခဲ့သည်။ ယခင်ကတည်းက အစာအိမ်ရောဂါရှိသည့် နိုင်ယက္ခသည် စစ်ထောက်လှမ်းရေးများ၏ ညှဉ်းပမ်းနှိပ်စက်မှုကြောင့် အခြေအနေ ပိုဆိုးလာရခြင်းဖြစ်သည်ဟုယနေ့ထုတ်ပြန်သည့် လွတ်လပ်သော မွန်သတင်းအေဂျင်စီသတင်း၌ ဖော်ပြထားသည်။ အစသို့

## ငှက်အော်စမ်း စခန်းမှ ပြန်လည်လွတ်မြောက်လာသည့် မောင်ချမ်းသာကျော်နှင့် ဆက်သွယ်မေးမြန်းချက်

*၃ ၊ မတ် ၊ ၂၀၀၄*

ရန်ကုန်တိုင်းအတွင်းရှိ ငှက်အော်စမ်း လူငယ်ထိန်းသိမ်းရေးစခန်း၌ ထိန်းသိမ်းခံထားရသည့် မုံရွာမြို့က အသက် ၁၆ နှစ်အရွယ် ကျောင်းသားလေး မောင်ချမ်းသာကျော်ကို နအဖ က ပြန်လွှတ်ပေးလိုက်သည့်သတင်း ထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ ငှက်အော်စမ်းစခန်း၌နေထိုင်ရစဉ် မောင်ချမ်းသာကျော်၏ အတွေ့အကြုံနှင့် ပြန်လည်လွတ်မြောက်လာပုံကို ဒီဗွီဘီကဆက်သွယ်မေးမြန်းခဲ့ရာ မောင်ချမ်းသာကျော်က

"လွတ်ပြီဆိုတဲ့အကြောင်းကို အရာရှိက ပြောပါတယ်။ ဗိုလ်ကြီး မျိုးဝင်း။ ကျနော်တို့ ကျောင်းအုပ်ကြီးဗျ"

မေး — အဲဒီ ငှက်အော်စမ်းမှာ ဘယ်လိုနေခဲ့ထိုင်ခဲ့ရလဲ။

ချမ်းသာကျော် — ကောင်းကောင်းမွန်မွန်တော့ နေရပါတယ်။ Open လုပ်ပေးထားတာပေါ့။ လွတ်လပ်ခွင့်ပေးပါတယ်။ အားတဲ့အချိန်မှာ စာဖတ်တယ်။ အားကစားလုပ်တဲ့အချိန်မှာ အားကစားလုပ်တယ်။ ဒီလိုပဲ အချိန်ကုန်ခဲ့ပါတယ်။ ကစားချိန်ပေးတယ်ဗျ။ ၃ နာရီနဲ့ ၅ နာရီကြား။ ဒီကစားချိန်မှာကျနော် ဝင်ဆော့ပါတယ်။

မေး — ချမ်းသာကျော်ကို အဲဒီမှာ ပညာတခုခု သင် မပေးဘူးလား။

ချမ်းသာကျော် — ကျနော့်ကိုတော့ သင်မပေးဘူးဗျ။ မိဘမဲ့တွေကျတော့ စာသင်ပေးတယ်ဗျ။ မူလတန်းကျောင်းရှိတယ်။

မေး — ငှက်အော်စမ်းကို ရောက်သွားတဲ့အချိန်မှာ စိတ်ထဲဘယ်လိုခံစားရလဲ။

ချမ်းသာကျော် — ကိုယ်မဟုတ်ဘဲနဲ့ (ကိုယ်ခဲနဲ့မထုဘဲနဲ့ ကိုယ့်ကို ခဲနဲ့ထုတယ်ဆိုပြီးတော့) ဆွဲတယ်ဆိုတော့ စိတ်မကောင်းပါဘူး။ အားငယ်ခြင်းတို့၊ စိတ်ပျက်ခြင်းတို့ မရှိပါဘူး။ ဒါပေမယ့် သူငယ်ချင်းတွေက ကျောင်းတက်ပြီးတော့ ကျနော်တယောက်ထဲ ဒီမှာ ခွဲကျန်နေတယ်ဆိုတော့ စိတ်မကောင်းပါဘူး။

မေး — ဘာကြောင့် လွှတ်ပေးလိုက်တယ်လို့ထင်လဲ။

ချမ်းသာကျော် — နိုင်ငံတကာဖိအားပေးမှုကြောင့်၊ ဘေးက ဝိုင်းပြီးကူညီပေးကြတဲ့အတွက် ကျနော် လွတ်လာတယ်လို့ထင်ပါတယ်။ ကျနော်ကို လွတ်အောင်လုပ်ပေးတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အားလုံးကို ရင်ထဲ အသဲထဲကနေ အမြဲသတိရနေမှာပါ။ အထူးလည်း ကျေးဇူးတင်ပါတယ်။

မေး — သူတို့က ဘာအမှုကိစ္စနဲ့ စွပ်စွဲပြီးတော့၊ အမှုစစ်တဲ့အချိန်မှာ ဘယ်လိုစစ်လဲ။

ချမ်းသာကျော် — ဖြစ်ခဲ့တဲ့အကြောင်းတွေအကုန်မေးတယ်။ သူတို့ အမိန့်ချချင်တဲ့အမှုက ခဲပေါက်မှုရယ်၊ ဆိုင်းဘုတ်တွေဖျက်ဆီးမှုရယ်၊ မော်တော်ပီကယ်ရုံးတွေ ဖျက်ဆီးမှုရယ်ကို သူတို့က လိုချင်တာ။ ကျနော်တို့က တကယ်လုပ်တာ မဟုတ်တော့မဖြေနိုင်ဘူး။ မဖြေနိုင်တော့ မရမကကို အဖြေရအောင်လုပ်ပါတယ်။ မုံရွာအမှတ် ၁ ရဲစခန်းမှာ စစ်ပါတယ်။ တရားသူကြီးကတော့ ဒေါ်ခင်ရီပါ။ ကျနော့်ကိုမေးတာက အိုးဖိုတောင်နားလေးမှာ မင်း ဘယ်အချိန်က သွားကြည့်သလဲ။ ဘာတွေလုပ်ခဲ့သလဲလို့။ ကျနော်က ရုန်းရင်းဆန်ခတ်ဖြစ်တဲ့နေရာကို မတ်တပ်ရပ်ကြည့်နေပါတယ်။ ဒီလိုဖြစ်နေတဲ့ အရေးအခင်းမှာ ကျနော်က ကြည့်နေတဲ့အတွက် ခဲပေါက်မှုကို အားပေးကူညီမှု ဖြစ်တယ်ဆိုပြီး စွပ်စွဲပါတယ်။

မေး — အဲဒီကိစ္စမှာ ဘယ်လိုမြင်တွေ့ခဲ့ရလဲ။

ချမ်းသာကျော် — ဒေါ်အောင်ဆန်းစုကြည်တို့ရှိတဲ့ဘက်ကို သံဃာတော်တွေနဲ့ ကျောင်းသားတွေက၊လူထုတွေကသွားချင်တာကို စစ်တပ်က ပေးမသွားဘူး။ ဒီမှာရှိတဲ့လူတွေက မကျေမနပ်ဖြစ်ကြတော့ ထုကြတယ်။ ရုန်းရင်းဆန်ခတ်ဖြစ်ပါတယ်။

မေး — အဲဒီမှာ စစ်တပ်က ဘယ်လောက်ရှိလဲ။

ချမ်းသာကျော် — ဟိုဘက်ထိ ရောက်တဲ့လူတွေကိုမေးကြည့်တော့ စစ်တပ်က ၃ ခုလောက် ချထားတယ်တဲ့။ ကျနော်တို့ဖြစ်တဲ့ဖက်မှာ တတပ်၊ ဟိုးဖက်မှာတတပ်၊ ဒေါ်အောင်ဆန်းစုကြည်တို့ သွားတဲ့ဖက်မှာ တတပ်။ အများကြီးပါပဲ။

မေး — သူတို့ဘက်က ပစ်တာ ခတ်တာမျိုးရော ရှိလား။

ချမ်းသာကျော် — ကျနော်တို့ကျောင်းသားတွေ လူသားစုတဲ့အချိန်မှာ ပစ်တယ်လို့ပြောသံကြားတယ်။ ကျနော်တို့ မမြင်ရဘူးဗျ။ ကျနော်တို့ လူသွားစုပြီး ပြန်လာတဲ့အချိန်မှာ အပစ်ခံရလို့သေသွားတဲ့ GCT ကျောင်းသားတယောက်ကို သံဃာတော်တွေထမ်းလာတာတွေ့ပါတယ်။ ည ၇ နာရီခွဲလောက်မှာပါ။ ကျနော်တို့သူငယ်ချင်းများ ဖြစ်မလားဆိုပြီး GCT ကျောင်းထိပ်က လွှက်ရည်ဆိုင်၊ မီးရှိတဲ့အောက်မှာကျနော်တို့ ကြည့်ကြပါတယ်။ ဒီအလောင်းကို မြို့ထဲသယ်သွားမယ်လို့ပြောကြပါတယ်။ မြို့ထဲ သယ်သွားကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်လည်းရောက်ရော စစ်တပ်တွေက ဝိုင်းခြောက်လှန့်တော့လူစုကွဲသွားပါတယ်။ အလောင်းကတော့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့မှာပဲ ချထားခဲ့ပါတယ်။ သယ်မသွားနိုင်တော့ပါဘူး။ စစ်တပ်တွေက ကားတွေနဲ့ရောသေနတ်တွေနဲ့ရော ပိတ်နေပါတယ်။ သေနတ်ပစ်သံကြားတော့ထွက်ပြေးကြပြီး လူစုကွဲသွားပါတယ်။ ထမ်းတဲ့သူတွေကလည်း မပြေးလို့မရဘူး။ သူတို့ပဲကျန်တော့တာဆိုတော့။ စစ်တပ်ကားတွေ မောင်းလာတော့ ကိုယ်ပါ ပြေးရပါတော့တယ်။

ထို့ပြင် မောင်ချမ်းသာကျော်က ပြီးခဲ့သည့်နှစ်က ဆယ်တန်းအောင်မြင်ခဲ့ပြီး တက္ကသိုလ်တက်ရောက်ရန် စီစဉ်နေသည်ဟုလည်း ပြောဆိုခဲ့သည်။

အစသို့

## ကိုဌေးကြွယ်အား လွှတ်ပေးရန်နှင့် လွတ်လပ်စွာဆေးကုသခွင့်ပြုရန် မိခင်ဖြစ်သူမှ နအဖ စစ်ခေါင်းဆောင်များကို စာရေးတင်ပြ

*၄ ၊ မတ် ၊ ၂၀၀၄*

နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့်တက္ကသိုလ်ကျောင်းသား ကိုဌေးကြွယ် ကျန်းမာရေးဆိုးရွားနေ၍ သာယာဝတီထောင်မှ အင်းစိန်ထောင်ဆေးရုံကို ပြောင်းရွှေ့ကုသနေရကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ မနေ့ကမူ ကိုဌေးကြွယ်ကို လွှတ်ပေးရန်နှင့် လွတ်လပ်စွာ ဆေးဝါးကုသခွင့်ပေးရန် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အပါအဝင် သက်ဆိုင်ရာ အာဏာပိုင်များထံ စာရေးတိုင်ကြားခဲ့သည်ဟု ကိုဌေးကြွယ်၏ မိခင်ဒေါ်မိမိလေးက ဒီဗွီဘီကိုပြောဆိုသည်။ ကိုဌေးကြွယ်၏ နောက်ဆုံး ကျန်းမာရေးအခြေအနေနှင့် အာဏာပိုင်များဘက်က တုန့်ပြန်မှု အနေအထားများကို ဒီဗွီဘီက ဆက်လက်မေးမြန်းခဲ့ရာ ဒေါ်မိမိလေးက ယခုလို ပြန်လည်ဖြေကြားသည်။

"ကိုဌေးကြွယ်ရဲ့ ကျန်းမာရေးအခြေအနေကအူမကြီးကို ခွဲလိုက်ရတော့ ၈၅ ချက် ချုပ်ထားရပါတယ်။ အပြင်က ၁၄ ချက်။ အတွင်းက ၈၅ ချက်။ ဗိုက်ထဲမှာ မွှေထားတာပေါ့။ သံကောင်တွေ ရှိသလောက် လိုက်ခွဲရပါတယ်လို့ပြောပါတယ်။ အစားစားလို့ မရသေးပါဘူးရှင့်။ အရည်လောက်တော့ သောက်ရပါပြီ။ ဆေးရုံအချုပ်ထဲမှာထည့်ထားတယ်။ လုပ်လေ့လုပ်ထရှိတယ်လို့ သူတို့ပြောတာပဲ။ သူတို့ထုံးစံအတိုင်း လုပ်တယ်ပေါ့။ မောင်ဌေးကြွယ်က တကယ်တော့ ထောင်ကျ မဟုတ်ဘူး။ ၁၀ (က) နဲ့ ချုပ်ထားတာ။ ကျမက စာတွေတင်တယ်။ လွှတ်လပ်စွာဆေးကုသခွင့်ပေးပါလို့"

မေး — အဲလို စာတင်တော့ ဒေါ်မိမိလေးဆီကို အာဏာပိုင်တွေက ဘာ အကြောင်းပြန်လာပါသလဲ။

ဒေါ်မိမိလေး — ဘာအကြောင်းမှ မပြန်ကြားပါဘူး။ အဲလောက် ဂရုစိုက်ရင်တော့ ကျေးဇူးတင်ရမှာပါ။

မေး — အခု စာရေးတင်တော့ ဘယ်သူ့ဆီကိုရေးတင်ပါသလဲ။

ဒေါ်မိမိလေး — ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီလည်း ရေးပါတယ်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်ဆီလည်း ရေးပါတယ်ရှင့်။ ပြည်ထဲရေးဝန်ကြီးဆီလည်း ရေးပါတယ်။ ပြီးတော့ ထောက်လှမ်းရေး (၆)၊ (၇) ဆီကိုလည်း တင်ပါတယ်။ မောင်ဌေးကြွယ်ကို ဖမ်းသွားတုန်းက ထောက်လှမ်းရေး (၇)က လာဖမ်းတာပါ။ ထောက်လှမ်းရေး (၆) ကို တင်ရတာက ဒီ အင်းစိန်က ထောက်လှမ်းရေး (၆) နယ်မြေဖြစ်လို့ပါ။ အဲဒါကြောင့်ကျမလိုက်တင်တာပါ။ မနက်ကတုန်းက အဲဒီရောက်ပါတယ်။

မေး — တာဝန်ကျ ဆရာဝန်တွေကရောဘယ်လိုမျိုးပြောပြပါသလဲ။

ဒေါ်မိမိလေး — တာဝန်ကျ ဆရာဝန်တွေကလည်း နှာခေါင်းစည်းတွေနဲ့ လာပါတယ်။ လူနာက ဒီအတိုင်း ပက်လက်ကြီးနေရပါတယ်။ စောင့်ရတဲ့ လူတွေလည်း အနံ့အသက် မကောင်းပါဘူး။ ညဘက်ကို လုံးဝ မစောင့်ရဘူး။ ကိုဌေးကြွယ်က သူ့ဟာသူ မထိုင်နိုင်သေးဘူး။ တွဲထူ၊ တွဲထရတာ။

မေး — ကိုဌေးကြွယ်ကို အခုထားတဲ့အခန်းကရော လေဝင်လေထွက်တို့၊အလင်းရောင်တို့ ဘယ်လိုမျိုးရှိပါသလဲ။

ဒေါ်မိမိလေး ။။ မကောင်းပါဘူး။ ကျမ ရောက်ခဲ့ပါတယ်။ အသကိရှုလို့ မဝဘူး။ အနံ့အသက်တွေမကောင်းဘူး။ ကျမတောင်းဆိုနေတာက သူတို့ဆေးရုံပေါ်မှာ အခန်းရှိပါတယ်။ အဲဒီမှာထားပေးပါ။ ကျမဆေးကုနိုင်ပါတယ်။ အပြင်မှာလည်း အထူးကုဆေးခန်းတွေရှိတယ်။ အဲဒီမှာ ကုသခွင့်ပေးပါ။ ဒီလိုမှမပေးဘူးဆိုရင်လည်း ဆေးရုံမှာ အခန်းတခုမှာ ကုသခွင့်ပေးပါ။ အဲလိုတောင်းဆိုထားပါတယ်။ စာတင်ထားကတည်းက သူတို့ကို ကျမပြောပါတယ်။ ကျမသားကို ကျမအသက်နဲ့တာဝန်ယူတယ်လို့။ သားလေးတယောက် ဆုံးသွားတာက တနှစ်နဲ့ ၆ လပဲရှိပါသေးတယ်။ ကျမမှာ ပူပူနွေးနွေး သောကနဲ့ပါ။

မေး — အခုဆို ကိုဒွေးကြွယ်ဟာ ထောင်ထဲမှာ ၁၃ နှစ်နီးပါး ရှိနေပြီ။ အခုလည်း အချုပ်ဆောင်ထဲမှာဆိုတော့ မိခင်တယောက်အနေနဲ့ ဘယ်လိုမျိုးပြောချင်ပါသလဲ။

ဒေါ်မိမိလေး — AIDS လူနာတွေရယ်၊ တီဘီရောဂါသမားတွေရယ် သူ့ကိုရောထားတော့ ကျမအနေနဲ့ မပြောတတ်လောက်အောင်ကို စိတ်ဆင်းရဲပါတယ်ရှင်။ အင်မတန် စိတ်ခံစားရပါတယ်။ သနားတာပါ။ ကျမတို့ ဗုဒ္ဓဘာသာအရဆို ဝဋ်ကြီးတာပေါ့ရှင်။ အဲဒီဝဋ်ကြွေးဟာ မကုန်နိုင်ဘူးလားလို့ မနေ့ကတုန်းကလည်း ဖက်ငိုခဲ့မိပါတယ်။

ယခုနောက်ဆုံးရရှိသည့် သတင်းများအရ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် ဗကသများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)နှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းတို့ကလည်း ကိုဒွေးကြွယ်ကို အမြန်ဆုံးလွှတ်ပေးရန် နအဖကို စာရေးတောင်းဆိုလိုက်ပြီး နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များသို့လည်း အသိပေးနှိုးဆော်ထားကြောင်းသိရသည်။ အစသို့

## နိုင်ငံရေးအကျဉ်းသား ၅ ဦးပြန်လည်လွှတ်မြောက်

*၅ ၊ မတ် ၊ ၂၀၀၄*

လွှတ်ရက်ကျော် နိုင်ငံရေးအကျဉ်းသား ၅ ဦးကို နအဖ က ယခုလ ၁ ရက်နေ့၌ ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။ ပြန်လွှတ်လာသူများမှာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (အောက်ဗမာပြည်) အဖွဲ့ဝင်များနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်များဖြစ်ကြသည်။ သာယာဝတီထောင်မှ ကိုတိုးတိုးထွန်း၊ ကိုချိုဆိမ့်၊ ကိုငွေလင်းနှင့် ကိုအေးနိုင်၊သရက်ထောင်မှ ကိုအောင်ဇင်မင်းတို့ ဖြစ်ကြသည်။ ၎င်းတို့အားလုံးကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှု၌ ပါဝင်ပတ်သက်သည်ဆိုသော စွပ်စွဲချက်ဖြင့် နအဖ က ထောင် ၇ နှစ်စီ ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ပြန်လွှတ်လာသူ(၅)ဦးလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်နေကြောင်းလည်း ဒီဗွီဘီက စုံစမ်းသိရှိရသည်။ အစသို့

## ကျန်းမာရေးအခြေအနေဆိုးရွားနေ၍ ကိုသက်ဝင်းအောင် အား မန္တလေးဆေးရုံကြီးသို့ တင်လိုက်ရ

*၆ ၊ မတ် ၊ ၂၀၀၄*

ထောင်ဒဏ် ၅၉ နှစ် ကျခံနေရသော ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင် ငှက်ဖျားရောဂါပြင်းပြင်းထန်ထန် ခံစားနေရသည့်အတွက် မန္တလေးထောင်မှ မန္တလေးဆေးရုံကြီးသို့ တင်ပို့လိုက်ရကြောင်းထိုင်း–မြန်မာနယ်စပ်အခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) က ယနေ့ သတင်းထုတ်ပြန်ထားသည်။

၎င်းနှင့်အတူ အခြား ၂ ဦးဖြစ်သည့် ကိုတင်လင်းနှင့် ကိုရဲကျော်သူတို့ကိုလည်း ဆေးရုံတင်ထားရသည်ဟု AAPP ကြေညာချက်၌ ဖော်ပြထားသည်။ ထိုသတင်းနှင့်ပတ်သက်ပြီး အတည်ပြုချက်ရယူနိုင်ရန် ကိုသက်ဝင်းအောင်၏အဖေ ဦးဝင်းမောင်ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းသည့်အခါ ထိုသတင်းကို ၎င်းတို့မကြားရသေးကြောင်း ပြောဆိုသည်။ ထို့ပြင် လာမည့်အင်္ဂါနေ့၌ ကိုသက်ဝင်းအောင်နှင့် တွေ့ဆုံရန်ရှိသည့်အတွက် တွေ့ဆုံပြီးချိန်မှသာ အသေးစိတ်သိနိုင်မည်ဟု ဦးဝင်းမောင်က ပြောကြားသွားခဲ့သည်။ အစသို့

## သာယာဝတီထောင်မှ ပြန်လည်လွှတ်မြောက်လာသည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ကိုငွေလင်းနှင့် ဆက်သွယ်မေးမြန်းချက်

*၉ ၊ မတ် ၊ ၂၀၀၄*

ပြီးခဲ့သည့်ရက်ပိုင်းက သာယာဝတီထောင်မှပြန်လည်လွှတ်မြောက်လာသည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ကိုငွေလင်းကို ဒီဗွီဘီမှဆက်သွယ်မေးမြန်းခဲ့သည်။ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ ပထမဆုံး မေးမြန်းရာ ...

ကိုငွေလင်း — ကျန်းမာရေး ကောင်းပါတယ်။ အထူးဆိုးဆိုးရွားရွားမရှိပါဘူး။ အစောပိုင်းတုန်းကတော့ အထဲက သိပ်နေလို့ထိုင်လို့ မကောင်းဘူး။ နောက်ပိုင်းတော့ မဆိုးပါဘူး။ Red cross ဝင်ပြီးတဲ့နောက်ပိုင်းပေါ့။

မေး — နိုင်ငံတကာကြက်ခြေနီအဖွဲ့မဝင်ခင်ကာလတွေကရော ထောင်တွင်းအခြေအနေ ဘယ်လိုမျိုးရှိလဲ။

ကိုငွေလင်း — အထူးသဖြင့်ပေါ့ တမံသလင်းပေါ် ဒီအတိုင်းအိပ်ရတဲ့ကိစ္စ။ အဲဒီဥစ္စာက များသောအားဖြင့် ကျန်းမာရေး ထိကြတယ်။ ရေရှည်နေရတဲ့လူတွေဆိုရင် ပိုဆိုးတာပေါ့။ ကျောရိုးနာတာတို့ ဘာညာပေါ့။ ဒီနောက်ပိုင်းတော့ ကွပ်ပျစ်တွေဘာတွေနဲ့ စီစဉ်ပေးလိုက်တော့ အထိုက်အလျောက်တော့ ကျန်းမာရေး ကောင်းပါတယ်။ အိမ်နဲ့ အဆက်အသွယ်ပြတ်နေတဲ့သူတွေလည်း အထိုက်အလျောက်အဆက်အသွယ် ပြန်ရလာတယ်။

မေး — ထောင်ထဲမှာ သုံးပုံတပုံ လျှော့ရက်တွေရှိတယ်ကြားရပါတယ်။ နိုင်ငံရေးသမားအများစုတွေမှာ နှစ်ပြည့်နေရတာ ဘယ်လိုဖြစ်လို့လဲ။

ကိုငွေလင်း — ကျနော်ဆိုရင် တရက်မှ မရဘူး။ တရားရုံးက လျှော့ရက်ခံစားစေဆိုတာ လျှော့ရက် ရက် ၂၅ ရက် ရပါတယ်။ ထောင်အနေနဲ့က လျှော့ရက်မပေးဘူး။ ကျတာ ၇ နှစ်။ ၇ နှစ် အပြည့်နေခဲ့ရတယ်။ အဲဒါကို ကျနော်က ထောင်ပိုင်ကို တင်ပြဖူးတယ်။ သူလည်း ကောင်းကောင်း မဖြေတတ်ဘူး။ တိကျရေရာတဲ့အဖြေမျိုး မပေးနိုင်ပါဘူး။ ပြန်ခါနီးမှာတောင် တာဝန်ရှိတဲ့သူကို မေးခဲ့ဖူးတယ်။ အဲဒီကိစ္စ ဘယ်လိုဖြစ်တာလဲလို့။ ဘာ့ကြောင့် မရတာလဲလို့။ သူလည်း ချက်ချင်းဖြေဖို့ အစီအစဉ်မရှိဘူးတဲ့၊ အထက်ကို တင်ပြပေးပါ့မယ်တဲ့။

မေး — သာယာဝတီထောင်ထဲမှာ လွှတ်ရက်ကျော်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ဘယ်နှစ်ယောက်ရှိနေပြီလဲ။

ကိုငွေလင်း — တရာကျော်လောက် ရှိမယ်ဗျ။

မေး — ထောင်ထဲမှာ ၇ နှစ်နေခဲ့ရတဲ့ကာလမှာ ကြမ်းကြမ်းတမ်းတမ်းဖြတ်သန်းရတဲ့ကာမျိုးရှိခဲ့ပါသလား။

ကိုဌေးလင်း — ဒီတခေါက်တော့ သိပ်အကြမ်းကြီးတော့ ကျနော် မဖြတ်ရဘူးဗျ။ ကျနော်က ကျန်းမာရေးအရလည်း ဆိုးဆိုးရွားရွားမရှိတော့ ကျန်းမာရေးဆိုးတဲ့သူတိုရင်တော့ ဒုက္ခရောက်တာပေါ့။ အိမ်ကလည်း မလာနိုင်ဘူးဆိုရင် သူ့အတွက် ဒုက္ခရောက်တာပေါ့။ မီးတို့၊ ရေတို့က ရှားတာပေါ့။ မီးပြတ်တာများတယ်။ မီးဒုက္ခ နည်းနည်း ကြီးတယ်။ ဆေးဝါးကတော့ ကျနော်တို့ဆီမှာ ဆရာဝန်တယောက်တည်းရှိတာကိုး။ ဆေးလုံလောက်မှု မရှိတာ လို့ပြောတယ်။ ကျနော်တို့အပေါ်မှာထားတဲ့ သူ့ရဲ့သဘောထားက နည်းနည်းတော့ စေတနာနည်းတယ်လို့ ကျနော် ယူဆတယ်။ ရောဂါလက္ခဏာ ပြောပြတဲ့အချိန်မှာ စိတ်ဝင်တစား သိပ်မရှိလှဘူး။ ပြီးပြီးရောဆိုတဲ့သဘောဆန်တယ်။ တခါတလေတော့ စိတ်ညစ်ရတာပေါ့ဗျာ။ မဆိုးသင့်တဲ့ဟာတွေ လည်း ဆိုးတာတွေရှိတယ်။

မေး — မဆိုးသင့်တဲ့ဆိုတာ အသက်ဆုံးရှုံးသွားတာမျိုးတွေ ရဲဘော်ရဲဘက်တွေထဲမှာ ကြုံခဲ့ရပါသလား။

ကိုဌေးလင်း — ကျနော်ကတော့ ကျန်းမာရေးက သိပ်အဆိုးကြီး မဟုတ်ဘူးလေ။ အိမ်ကကိုယ့်ဆေးကိုယ်မှာပြီးသုံးနိုင်တဲ့အနေအထားလေးပေါ့။ ရောဂါလည်း မကြီးတော့ ကျနော့်အနေနဲ့ဆရာဝန်ကိုသွားပြီး ပြရတာတွေ မရှိဘူး။ တချို့အိမ်ကလည်း မလာနိုင်၊ ဆရာဝန်လည်း ပြရတယ်ဆိုရင် တော်တော် ဆိုးတယ်။ Treatment ကလည်းမပြည့်စုံဘူး။ ပေးနိုင်တဲ့ဆေးလည်း သိပ်မရှိဘူး။

မေး — ပထမအခေါက်က ဘယ်တုန်းကလဲ။

ကိုဌေးလင်း — ပထမအခေါက်က ၁၉၉၀ အောက်တိုဘာမှာ အဖမ်းခံခဲ့ရတယ်။ နောက်ပြီး ၁၉၉၁ ဖေဖော်ဝါရီမှာ ၅ နှစ်ကျတာ လျှော့ရက်ရတော့ ၄ နှစ်နီးပါး နေရတယ်။ ဒီကာလတုန်းကတော့ ဝမ်းကိုက်တာတွေ တော်တော်ခံစားရတယ်။ ဆုံးမလိုတောင် ဖြစ်ဖူးတယ်။

မေး — ပထမအခေါက်က ၄ နှစ်၊ အခုအခေါက်က ၇ နှစ်။ အခု နအဖ အာဏာသိမ်း ၁၄ နှစ်မှာ ကိုဌေးလင်းက ထောင်ထဲမှာ ၁၁ နှစ်နေရတာပေါ့။ အဲဒီအပေါ်မှာ ကိုယ့်ကိုယ်ကို စိတ်မကောင်းဖြစ်မိတာတို့ ဘယ်လိုမျိုး ခံစားရပါသလဲ။

ကိုဌေးလင်း — မိသားစုအတွက်ဆိုရင်တော့ ကျနော့်သမီးလေးကလည်း ကျန်းမာရေးသိပ်မကောင်းတော့ နည်းနည်းတော့ တာဝန်မကျေသလို ဖြစ်တာပေါ့ဗျာ။ သူ့အတွက်တော့ စိတ်မကောင်းဖြစ်ရတာပေါ့။ ဒါပေမယ့် ဒါဟာ မလွှန်ဆန်နိုင်ဘူးထင်တယ်။ သမီးလေးက ကျနော် ပထမအခေါက် ထိတုန်းက တနှစ်သမီးပေါ့။ အခုတော့ သူက ရှစ်တန်းကျောင်းသူတောင် ဖြစ်ပါပြီ။

မေး — သမီးနဲ့ဖခင်အကြား ဆက်ဆံရေးအခြေအနေ ဘယ်လိုမျိုးဖြစ်သွားလဲ။

ကိုဌေးလင်း — ဆက်ဆံရေးတော့ ကောင်းပါတယ်။ ထောင်ဝင်စာ ဆက်တိုက်လာနေတော့လေ။ ဆက်တိုက်မြင်ဖူးသလို ဖြစ်နေတာပေါ့ဗျာ။ မစိမ်းလှပါဘူး။ နားလည်မှု ရှိရှာပါတယ်။ တာဝန်ပျက်ကွက်တယ်၊ ငါ့ကို ပစ်ထားတယ်ဆိုတာမျိုး မရှိဘူး။ သူတော်တာရော၊ သူ့အမေ ပြောပြနိုင်တာ လည်း ရှိတယ်။

မေး — ဇနီးသည်ဖြစ်သူကရော အပြစ်တင်တာမျိုး၊ အပြစ်ဖို့တာမျိုး ရှိပါသလား။

ကိုဌေးလင်း — ဇနီးသည်ကတော့ စိတ်ဆင်းရဲရှာတယ် ထင်ပါရဲ့ဗျာ။ ကျနော်လွတ်ဖို့ပေါ့။ ကျနော် တခုခုများဖြစ်ဦးမလားလို့ပေါ့။

မေး — အခု နှစ်ကြိမ်လွတ်လာပြီဆိုတော့ရှေ့အနာဂတ်အတွက်ရော ဘယ်လိုမျိုးစဉ်းစားထားတာရှိပါသလဲ။

ကိုဌေးလင်း — ဖြစ်သွားစေချင်တဲ့အချက်တွေကျနော်တို့တတ်နိုင်သလောက်တော့ လုပ်သွားကြရမှာပါ။ လုပ်သင့်လုပ်ထိုက်တဲ့ဟာတွေ လုပ်တော့ လုပ်ကြရမှာပါ။ မတော်တဆ ကံကြမ္မာဆိုးသွားရင်လည်း ဘယ်တတ်နိုင်မှာလဲ။

ကိုဌေးလင်းကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှု၌ ပါဝင်ပတ်သက်သည်ဆိုသည့် စွဲချက်ဖြင့် နအဖ က ထောင် ၇ နှစ် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ထောင်တွင်း၌ နှစ်ပြည့်နေခဲ့ရပြီး ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်ဝင်များဖြစ်တဲ့ ကိုတိုးတိုးထွန်း၊ ကိုချိုဆိမ့်၊ ကိုအေးနိုင်တို့ နှင့်အတူ ပြန်လည်လွတ်မြောက်လာခြင်း ဖြစ်သည်။ ၎င်းတို့နှင့်တရက်တည်းမှာပင် စတိုင်သစ်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်နဲ့ ကဗျာဆရာ ဦးအောင်ဇင်မင်း ကို နအဖ က သရက်ထောင်မှ ပြန်လွှတ်ပေးခဲ့သည်။ ဦးအောင်ဇင်မင်းကိုလည်း ၁၉၉၆ ခုနှစ် ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုတွင် အားပေးကူညီမှုဖြင့် နအဖ က ထောင် ၇ နှစ် ချမှတ်ခဲ့သည်။ အင်းစိန်၊ သာယာဝတီနှင့် သရက် ထောင် ၃ ထောင်၌ ၇ နှစ်ကျော် နေထိုင်ခဲ့ရသည်ဟုလည်း သိရသည်။ ဦးအောင်ဇင်မင်းအနေနှင့် ကျန်းမာရေးအခြေအနေအထူးစိုးရိမ်စရာမရှိသော်လည်း အာရုံကြောထိခိုက်လာပြီး ခြေလက် အနည်းငယ်တုန်နေ၍ ဆရာန် နှင့်ပြသရန် စီစဉ်နေရကြောင်း မိသားစုဝင်များနှင့်နီးစပ်သူများမှတဆင့် စုံစမ်းသိရှိရသည်။ အစသို့

## ဥပဒေမဲ့ သေဒဏ်ချမှတ်ခံထားရသူများကို ပြန်လွှတ်ပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီက နအဖ အား တောင်းဆို

*၁၀ ၊ မတ် ၊ ၂၀၀၄ ခိုင်သဇင် (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ကတည်းက နအဖ က ဥပဒေမဲ့ မတရားသေဒဏ်ချမှတ်ခဲ့သူများကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် မြန်မာနိုင်ငံရှေ့နေများ ကောင်စီက မနေ့က တောင်းဆိုလိုက်သည်။

ယခု ကြိုးမိန့်နှင့် သေဒဏ်ချမှတ်ခံလိုက်ရသူများမှာ နအဖနှင့် အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီမှ နိုင်ယက္ခနှင့် မြန်မာပြည်၌ လူကြိုက်အများဆုံးဂျာနယ်တခုဖြစ်သည့် First Eleven ဂျာနယ် အယ်ဒီတာချုပ် ကိုသက်ဇော်ထွေး အပါအဝင် စုစုပေါင်း ၉ ဦးဖြစ်သည်။ ၎င်းတို့ အားလုံး ကို ပြည်ပရောက်ဆန့်ကျင်ရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်မှု၊ ဖောက်ခွဲရေးလုပ်ငန်းများကိုလုပ်ဆောင်ပြီး နိုင်ငံတော်အကြီးအကဲများကို လုပ်ကြံရန်

ကြံစည်သည်ဆိုသောစွပ်စွဲချက်များဖြင့် နအဖ အာဏာပိုင်တို့က ဖမ်းဆီးပြီး သေဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ မတရားပြစ်ဒဏ်ချခဲ့သည့်အပေါ် ဥပဒေကြောင်းအရ မှားယွင်းနေကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ယခုလိုပြောဆိုခဲ့သည်။

"ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် တရားရုံးကနေချမှတ်လိုက်တဲ့ စီရင်ချက်မူရင်းကို ရရှိတာဖြစ်ပါတယ်။ ဒီစီရင်ချက်မူရင်းအပေါ်မှာ အခြေခံပြီး တော့ရော၊ တခြားအချက်အလက်တွေအရရော ဥပဒေကြောင်းအရ သုံးသပ်တွေ့ရှိတဲ့အချက်အလက်တွေကို ဒီနေ့မှာအခုလို မေတ္တာရပ်ခံ ပန်ကြားချက် ထုတ်ပြီးတော့ ရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။ ဒီလောက်ကြီးမားတဲ့သေဒဏ်ချမှတ်နိုင်တဲ့ပြစ်မှုဖြစ်သော်ငြားလည်းပဲ ပြစ်မှုဆိုင်ရာ အခြေခံရမယ့် လုပ်ထုံးလုပ်နည်းတွေကို လုံးဝအခြေမခံဘဲနဲ့ ဖြစ်သလိုအမှုစီရင်ခဲ့တဲ့အချက်အလက်တွေ တွေ့ရတယ်။ ဒီလိုစစ်ဆေးစီ ရင်တဲ့အခါမှာ အဓိကအကျဆုံး အချက်ကတော့ ထောက်လှမ်းရေးကယူထားတဲ့ သက်သေထွက်ချက်တွေကို ရုံးမှာတင်ပြီးတော့ ဒီ သက်သေထွက်ချက်တွေကို လက်ခံပြီး ဒီ သက်သေ ထွက်ချက်အပေါ်မှာ အခြေခံပြီး အမှုကို စစ်ဆေးစီရင်ခြင်းသာဖြစ်တယ်။ ဒါဟာ သက်သေခံဥပဒေနဲ့ လုံးဝဆန့်ကျင်တာဖြစ်တယ်။ ဒီထက်ပိုထင်ရှားတဲ့ အချက်အလက်ကတော့ နအဖရဲ့ သတင်းစာရှင်းလင်းပွဲမှာ တရားခံတွေဆီကနေ ဖောက်ခွဲရေးပစ္စည်းတွေ မိတယ်ဆိုပြီး အထောက်အထားအဖြစ်နဲ့ ဓါတ်ပုံတွေရိုက်ပြခဲ့သော်ငြားလည်း အခွဲ့ဩစရာကောင်းလောက်အောင် အမှုတင်စစ်တဲ့ အခါကျတော့ ဒီ သက်သေခံအထောက်အထားတွေ တခုမှ တင် ခဲ့တာမရှိဘူး။ ဒီလောက်ကြီးမားတဲ့ မှုခင်းကြီးမှာ သက်သေခံပစ္စည်းအထောက်အထားတွေ လုံးဝ မတင်ဘဲနဲ့ တရားခံတွေအပေါ်မှာ သေဒဏ်ချတယ် ဆိုတာ တရားစီရင်ရေးသမိုင်းမှာ လုံးဝမရှိခဲ့တဲ့ကိစ္စဖြစ်တယ်"

ထို့ပြင် ယခုလို ဥပဒေကြောင်းအရ မည်သည့်အတွက် ဆိုးဆိုးရွားရွား ပြစ်ဒဏ်စီရင်ခဲ့ကြောင်းကိုလည်း ...

"ဒီလောက်ကြီး ဥပဒေကြောင်းအရ ဆိုးဆိုးရွားရွားပြစ်ဒဏ်စီရင်ခဲ့တာ ဘာ့ကြောင့်လဲဆိုတာကို သုံးသပ်ကြည့်တဲ့အခါမှာ ၂ ချက်တွေ့ရတယ်။ တချက်က ဘာလဲဆိုရင် နိုင်ယကျ္ခ (ခေါ်) ဦးနေဝင်းဟာ မွန်ပြည်သစ်ပါတီ ခေါင်းဆောင်လုပ်ခဲ့တဲ့ပုဂ္ဂိုလ်တယောက်ဖြစ်တယ်။ ပြီးတော့ မွန်ပြည်သစ်ပါတီ လို အလားတူ အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေ ငြိမ်းချမ်းစွာ နိုင်ငံရေးလှုပ်ရှားမှုလုပ်နေတဲ့ အလားအလာတွေကို တွေ့လာတဲ့အခါ မှာ ဒါတွေကို ခြိမ်းခြောက်လိုက်ချင်တဲ့အတွက် အခုလိုမျိုး စီရင်လိုက်တာလို့ ကျနော်တို့ သုံးသပ်ပါတယ်။ နောက်တခုကလည်းပဲ မြန်မာနိုင်ငံမှာ လွတ်လပ်တဲ့သတင်းဌာန၊ သတင်းလုပ်ငန်းတွေ ပေါ်လာဖို့အလားအလာရှိပြီးတော့ First Eleven ဂျာနယ်ဟာ သိပ်ပြီး အရှိန်အဟုန်ကောင်းလာတဲ့ အခါမှာ လွတ်လပ်တဲ့သတင်းထုတ်လွှင့်မှုလုပ်ငန်းတွေရိုက်ချိုးလိုက်ချင်တဲ့အတွက်လည်းပဲ ဒီလိုမျိုး ရက်ရက်စက်စက် ပြစ်ဒဏ်စီရင်လိုက်တယ်လို့ ကျနော်တို့ သုံးသပ်ပါတယ်"

နအဖ ၏ စွပ်စွဲချက်များမှာ မှန်ကန်မှုမရှိဘဲယခုလို မသေမချင်း ကြိုးကွင်းတပ်ကွပ်မျက်ရန် စီရင်ခြင်းမှာ မတရားပြစ်ဒဏ်ချမှတ်ခြင်းသာဖြစ်ပြီး ၎င်းတို့အားလုံး ခြွင်းချက်မရှိလွတ်မြောက်ရေးအတွက်နိုင်ငံတကာအစိုးရများ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် တရားမျှတမှုကို လိုလားသူအားလုံး ဝိုင်းဝန်း ကြိုးပမ်းပေးကြရန်ကိုလည်း BLC က တောင်းဆိုထားသည်။ ထိုအမှုတွင် အဓိကတရားခံအဖြစ် သတ်မှတ်ခံရသည့် နိုင်ယကျ္ခကို ဖေဖော်ဝါရီလ ၂၈ ရက် နေ့က မွန်ပြည်သစ်ပါတီမှ ခေါင်းဆောင် ၃ ဦး သွားရောက်တွေ့ဆုံခဲ့ပြီး ဖြစ်ပျက်ခဲ့သည့်အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်ဟုလည်း သိရ သည်။

နိုင်ယကျ္ခ လွတ်မြောက်ရေးအတွက် တစုံတရာတောင်းဆိုခဲ့ခြင်း မကြားရသော်လည်း နအဖ အာဏာပိုင်များထံ မွန်ပြည်သစ်ပါတီက စာတစောင် ရေးသားပေးပို့ရန် စီစဉ်နေကြောင်းကိုမူ မွန်သတင်းအေဂျင်စီမှ အယ်ဒီတာတဦးက ယခုလိုပြောပြခဲ့သည်။

"ပြီးခဲ့တဲ့ ၂၈ ရက်နေ့မှာ သူတို့သွားတွေ့တုန်းကတော့ နိုင်ယကျ္ခလွှတ်ပေးဖို့ မဟုတ်ဘူး။ ဒါပေမယ့်အကျိုးအကြောင်းပေါ့၊ စစ်အစိုးရကနေ နိုင်ယကျ္ခတို့ကို နိုင်ငံတော်ခေါင်းဆောင်တွေ လုပ်ကြံတဲ့အမှုနဲ့ စွပ်စွဲထားတာပေါ့။ မွန်ပြည်သစ်ပါတီကနေ နိုင်ယကျ္ခကို လွှတ်ပေးဖို့ ဘာဖို့ဆိုတာက ကျနော်တို့တော့ မကြားသေးဘူး။ မွန်ပြည်သစ်ပါတီ ခေါင်းဆောင် ၃ ဦးက သွားတွေ့တော့ နိုင်ယကျ္ခ ကပြောတယ်။ သူ့ကိုဖမ်းတဲ့အချိန်မှာ စစ်အစိုးရ စွပ်စွဲထားသလို ဖောက်ခွဲရေးပစ္စည်းတွေ သူ့မှာ ဘာမှမတွေ့ရဘူးလို့ပြောတယ်။ အဲဒါနဲ့ပတ်သက်ပြီး မွန်ပြည်သစ်ပါတီကနေ နအဖဆီကို စာတစောင် ရေးထားတယ်လို့ ကျနော်တို့ ကြားရတယ်။ ဒါပေမယ့် စာထဲမှာ ဘာတွေပါလဲဆိုတာကျနော် မသိဘူး" အစသို့

## ကိုသက်ဝင်းအောင်အား မိသားစုမှ ထောင်ဝင်စာတွေ့ခွင့်ရ

*၁၂ ၊ မတ် ၊ ၂၀၀၄ (ခင်မောင်စိုးမင်း ဒီဗွီဘီသတင်းထောက်၊ အိန္ဒိယ)*

ထောင်ဒဏ် ၅၉ နှစ် ချမှတ်ခံထားရသည့်ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင် ငှက်ဖျားရောဂါ အပြင်းအထန်ခံစားနေရ၍ မန္တလေးထောင် ဆေးရုံကို တင်ခဲ့ရကြောင်း ဒီဗွီဘီက သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကတော့ ၎င်း၏ငှက်ဖျားရောဂါ သက်သာလာ၍ဆေးရုံက ဆင်းခွင့်ပြုခဲ့ပြီး မနေ့က ၎င်း၏မိသားစုနှင့်ထောင်ဝင်စာ တွေ့ခွင့်ရခဲ့သည်။

ကိုသက်ဝင်းအောင်၏ ကျန်းမာရေးအခြေအနေကို ရှိနိုင်ရန် ထောင်ဝင်စာ တွေ့ဆုံခဲ့သည့် ဖခင်ဖြစ်သူ ဦးဝင်းမောင်ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်း ခဲ့ရာ ယခုလို ရှင်းပြသည်။

"အဖျား ပြတ်သွားပြီလို့ပြောတယ်။ ဆေးကိုတော့ Course ကုန်အောင် တိုက်ပေးမယ်ပြောတယ်။ ၃ ရက်လောက် အတော်လေး ကုလိုက်ရတယ် ပြောတယ်။ အားပြတ်သွားပြီးတော့ Drip နှစ်ခါလုပ်ရတယ်ပြောတယ် "

ယခုအကြိမ်၌ ကိုသက်ဝင်းအောင်၏ မိခင်ဖြစ်သူ ဒေါ်မိမိအေးလည်း နေမကောင်းသည့်ကြားမှ သားဖြစ်သူကို ထောင်ဝင်စာ သွားရောက်တွေ့ဆုံ ခဲ့သည်။ သားဖြစ်သူ နိုင်ငံရေးအကျဉ်းသားနှင့် ပထမဆုံး တွေ့ဆုံခွင့်ရသည့်မြင်ကွင်းကိုလည်း မိခင်ဖြစ်သူဒေါ်မိမိအေးက ယခုလိုပြောဆိုသည်။

"စိတ်ထဲမှာတော့ ဆုံးရှုံးသွားတဲ့ သားတယောက်ပြန်ရတယ်လို့ပဲ အောက်မေ့လိုက်ပါတယ်။ ဝမ်းသာ/ဝမ်းနည်းပေါ့ကွယ်။ အန်တီကို တွေ့လိုက်ရ တော့ မျက်နှာလည်း နည်းနည်းပျက်သွားတယ်။ ထိုင်တော့ ကန်တော့တယ်။ ဘာပြောရမှန်း မသိလို့လား မသိဘူး။ စကားတော့ တခွန်းမှ ထွက်မလာ

ဘူး။ စကားပြောရတာ မကောင်းဘူး။ သူက သိပ်ပြန်မပြောဘူး။ အန်တီတို့ပြောတာကို သူ နားလည်လား/မလည်လားစဉ်းစားရခက်နေတယ်။ သူ့ကျန်းမာရေးကြည့်ရတာကတော့ သိပ် အားမရသေးဘူး”

အစ်ကိုဖြစ်သူ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုပြုံးချို (ခေါ်) ကိုဌေးဝင်းအောင်ကလည်း ထောင်ဝင်စာ တွေ့ရာ၌ ပါဝင်ခဲ့ပြီး ၎င်းတို့မိသားစုအနေဖြင့် ကိုသက်ဝင်းအောင်ကို မိသားစုနှင့်အနီးဆုံးထောင်၌ ပြောင်းရွှေ့ပေးလိုသည့်ဆန္ဒရှိကြောင်း ယခုလိုပြောဆိုသည်။

“ကျန်းမာရေး မကောင်းတဲ့လူကို မိသားစုနဲ့နီးနီးကပ်ကပ် ဆေးဝါးဂရုတစိုက်ကုသနိုင်ရင်တော့ ပိုကောင်းတာပေါ့။ အခုလို သူ ကျန်းမာရေးမကောင်းဘူးဆို ရန်ကုန်ကနေ ထလိုက်သွားဖို့က ပြင်ရဆင်ရသွားရလာရနဲ့ စိတ်တိုင်း မကျဘူးပေါ့ဗျာ။ ကောင်းတာကတော့ နီးနီးကပ်ကပ် ကြည့်ရှုကုသနိုင်မယ်၊ လို အပ်ချက်တွေကို အိမ်ကနေ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင်တော့ ဒီအနေအထားထက် ပိုကောင်းမယ်လို့ကျနော်ယူဆပါတယ်”

ကိုသက်ဝင်းအောင်သည် ၁၉၉၈ ခုနှစ်ကပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ကို ထောက်ခံသည့် စာရွက်စာတမ်းများဖြန့်ဝေခဲ့မှုနှင့် ထိုနှစ်ကျောင်းသားဆန္ဒပြမှုများ၌ ခေါင်းဆောင်ပါဝင်ခဲ့၍ စစ်ထောက်လှမ်းရေးတို့က ဖမ်းဆီးပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ထောင်ဒဏ် ၅၂ နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ထို့နောက် မန္တလေးထောင်မှ ကလေးထောင်ကို ပြောင်းရွှေ့ခြင်းလည်း ခံခဲ့ရသည်။ ကလေးထောင်၌ ၄က်ဖျားဒဏ် ခံခဲ့ရသည့်ကြားမှ ထောင်တွင်းဆန္ဒပြပွဲများကို ဦးဆောင်လှုပ်ရှားခဲ့၍ ထောင်ဒဏ် ၇ နှစ်ထပ်မံချမှတ်ခြင်းလည်း ခံခဲ့ရသည်။ တဖန် ၂၀၀၂ ခုနှစ် မေလ၌ ခန္တီးထောင်ကိုပို့၍ ထောင်ဒဏ်စုစုပေါင်း ၅၉ နှစ်ချမှတ်ခြင်း ခံရပြသည်။ ခန္တီးထောင်၌လည်း ပြီးခဲ့သည့် နှစ်နှောင်းပိုင်းက အစာတော်ခံဆန္ဒပြ၍ ကျန်းမာရေးထိခိုက်လာသည်။ ထို့ကြောင့် စိတ်ပိုင်း/ရုပ်ပိုင်း ကုသရန်လိုအပ်သည်ဆိုပြီး ထောင်အာဏာပိုင်တို့က ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက မန္တလေးထောင်ဆေးရုံကို ပြောင်းရွှေ့ထားခြင်းဖြစ်သည်။

အစသို့

## ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ်၏ ကျန်းမာရေးကောင်းမွန်ခြင်း မရှိသေး

*၁၆ ၊ မတ် ၊ ၂၀၀၄*

ယနေ့ မတ်လ ၁၆ ရက်နေ့သည် ကျောင်းသားများ သွေးမြေကျခဲ့ရသည့် တံတားနီကျောင်းသားလှုပ်ရှားမှု ၁၆ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ထိုအချိန်က တံတားနီ ကျောင်းသားလှုပ်ရှားမှု၌ ခေါင်းဆောင်ပါဝင်မှုနှင့် မဆလ အာဏာရှင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် ဒုတိယနှစ် ဘူမိဗေဒ တက္ကသိုလ်ကျောင်းသား ကိုဌေးကြွယ်မှာ ယခု ၁၆ နှစ်မြောက် နှစ်ပတ်လည်နေ့တွင်လည်း နအဖ စစ်အာဏာရှင်များ၏ မတရားဖမ်းဆီးမှုကို ခံနေရဆဲဖြစ်သည်။ ယခုတကြိမ် ဖမ်းဆီးခံထားရချိန်၌ ကိုဌေးကြွယ်၏ကျန်းမာရေးသည် အလွန်စိုးရိမ်စရာကောင်းသည့်အခြေအနေဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်ထဲက အူခေါက်ဝေဒနာကြောင့် ကိုဌေးကြွယ်ကို သာယာဝတီထောင်မှ သာယာဝတီ ဆေးရုံသို့ အရေးပေါ်ပို့ခဲ့ရပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ ကျန်းမာရေးထောက်ပံ့ပစ္စည်း မလုံလောက်မှု၊ လျှပ်စစ်မီး ပြတ်တောက်နေမှုကြောင့်ဖိုက်ခွဲကုသရာတွင် အမှားအယွင်းများဖြစ်ခဲ့ရသည်။ ထိုအတွက် သာယာဝတီမှ အင်းစိန် ဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူခဲ့ရသည်။ အတွင်းချုပ်ရိုးများ မကျက်သေးသော်လည်း အာဏာပိုင်များက မနေ့ကပင် အင်းစိန်ထောင်သို့ ပြန်ပို့ခဲ့သည်။ကိုဌေးကြွယ်ကျန်းမာရေးစိုးရိမ်ရ၍ ညီမဖြစ်သူ မမိမိကြွယ်က ယနေ့နံနက်ပိုင်းကပင် ကိုဌေးကြွယ်ကို ထောင်ဝင်စာ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံခဲ့သည့် အခြေအနေကို မမိမိကြွယ်အား ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့သည်။

မမိမိကြွယ် — မနေ့က အစ်ကို့ကို ခေါ်သွားတယ်ဆိုတော့ စိတ်ပူပြီး ဘယ်လိုနေလဲ၊ ဘယ်လိုထိုင်လဲဆိုတာ သိချင်လို့သွားတွေ့လိုက်တာပေါ့။ အစ်ကိုကတော့ သိပ်ပြီးတော့ ကျန်းမာရေးအခြေအနေမကောင်းသေးဘူး။ အပြင်ချုပ်ရိုး ကျက်ပြီဆိုပြီး ပို့လိုက်တာပေါ့။ အတွင်းက ချုပ်ရိုးတွေများတာ။ ဆရာဝန်ကလည်း ချက်ချင်းကိုပို့ခိုင်းတာပဲ။ ကျမတော့ ဘယ်လိုမှ ပြောလို့မရဘူး။ လမ်းကောင်းကောင်း မလျှောက်နိုင်သေးပါဘူး။ အစားမှန်မှန်မစားနိုင်သေးဘူး။ ထောင်ကပေးတဲ့ထမင်းပဲ စားရမယ်တဲ့။ ကျမတို့က ထမင်းယူသွားတာ။ ထမင်းပေးခွင့် မရဘူး။ မုန့်လေးတော့ပေးခဲ့ပါတယ်။ ကျမတို့ကတော့ သူဗိုက်ခွဲထားလို့ အစာပျော့ပျော့ပဲစားရမယ်ဆိုပြီး ထမင်းလေး ပျော့ပျော့ချက်ယူသွားတယ်။ ထမင်းပေးလို့ မရပါဘူးဆိုပြီး အဝမှာတင် သိမ်းလိုက်ပြီးတော့ ဘယ်လိုမှပြောလို့မရဘူးရှင့်။ ထောင်ထဲကထမင်းပဲ စားခွင့်ရှိပါတယ်တဲ့။ ထောင်ကျတယောက်ဖြစ်လို့တဲ့။

မေး — သူတို့ဥပဒေအရဆိုရင် အောက်တိုဘာမှာ ကိုဌေးကြွယ် ပြန်လွတ်ရမယ့်အနေအထားရှိပါတယ်။

မမိမိကြွယ် — ၉၉ ခုနှစ် မေလကတည်းက ပြည့်တာကို ၁၀ (က) ဆိုပြီး အချုပ်ထားပြီးတော့ အခုလာမယ့် မေလမှာ ၅ နှစ်ပြည့်တယ်။ ဒါပေမယ့် နောက်ထပ် ၆ လကို ဘယ်လိုယူလိုက်လဲ မသိဘူး။ အောက်တိုဘာဖြစ်သွားတယ်။ အောက်တိုဘာမှာတော့ ၅ နှစ်ခွဲ ပြည့်သွားပြီပေါ့။ အဲဒါ သူတို့က ခုထက်ထိကို လွှတ် မပေးသေးတာပါ။

မေး — နှမ တယောက်အနေနဲ့ ကိုဌေးကြွယ်အတွက် ဘယ်လိုမျိုး စိုးရိမ်ပူပန်မှုတွေရှိပါသလဲ။

မမိမိကြွယ် — သူ့ကို အတော်စိုးရိမ်ပါတယ်။ ဘာလို့လဲဆိုတော့ အထဲကချုပ်ရိုးတွေက အချိန်မရွေး ဗိုက်ထဲမှာ အူမကြီးကို ဖွင့်ထားတယ်ဆိုတော့ ကောင်းကောင်းလည်း လှုပ်ရှားလို့ မရသေးဘူး။ အစာမာမာ မစားနိုင်တဲ့အခြေအနေမှာ အခုလိုထောင်ထဲကိုပြန်ထည့်လိုက်တယ်ဆိုတော့ တော်တော်ကို စိတ်မကောင်းဖြစ်ရပါတယ်။

မေး — ကိုဌေးကြွယ်ရဲ့မိခင်က စာတင်ထားတဲ့ကိစ္စတွေရော။

မမိမိကြွယ် — ဘာမှအကြောင်း မပြန်ပါဘူးရှင့်။ အမေကလည်း နေမကောင်းဘူးရှင့်။ အမေလည်း ကင်ဆာဖြစ်လို့ အခု ဆေးကုသမှု ခံယူနေရပါတယ်။

မေး — ကိုဌေးကြွယ်စိတ်နဲ့ပဲ မိခင်ဖြစ်သူကျန်းမာရေးအခြေအနေပိုဆိုးသွားတဲ့သဘောလား။

မမိမိကြွယ် — သာယာဝတီမှာ ၃ ရက်သွားနေလိုက်တာမှာ အမေက တော်တော်ဆိုးသွားပါတယ်။ အဲတော့ အမေလည်း သွားမတွေ့နိုင်ဘူးဆိုတော့ ကျမပဲရှိတာပေ့ါ။ မနေ့တုန်းကလည်း အဲလို ပြောင်းမယ်လို့သတင်းကြားလို့ မနက် ၈ နာရီကတည်းကသွားစောင့်နေတာ။ တနေကုန်လည်း ထမင်းမစားရဘူး။ ကိုယ်ထမင်းစားနေတဲ့အချိန် ခေါ်သွားမှာကို စိတ်ပူရတာနဲ့ အနားမှာပဲ ထိုင်ပြီးစောင့်နေပါတယ်။

မေး — အင်းစိန်ဆေးရုံကနေ ထောင်ထဲခေါ်သွားတာရော ကိုယ်တိုင်မြင်လိုက်ရပါသလား။ သူတို့ ဘယ်လိုမျိုးခေါ်သွားလဲ။

မမိမိကြွယ် — မြင်လိုက်ရပါတယ်။ ကျမတို့က စားစရာ မရှိမှာစိုးလို့ ဆိတ်သားခြောက် နည်းနည်းကြော်ပေးထားတာ။ ဗူးတွေဘာတွေနဲ့ ထည့်ပေးထားတာ။ ပန်းကန်တွေ၊ ဇွန်းတွေ ပေးလို့မရဘူး။ ပန်းကန်က ကော်ပန်းကန်ပါ။ ဟိုထဲမှာ ဘာနဲ့ထည့်စားမလဲ။ မရဘူး။ ပေးလို့မရဘူး။ ထောင်ကနေ ဆေးရုံကားနဲ့ပဲ သူတို့လာခေါ်တယ်။ ခေါင်းအုံး၊ စောင်ပေးလို့မရဘူး။ ကျမကလည်း နောက်က ကိုယ့်ကားနဲ့လိုက်တာပေ့ါ။ ရောက်တော့ သူတို့ကား ဝင်သွားပြီး တံခါးပိတ်ပစ်လိုက်တယ်။ ကျမတို့ကား ဆက်ဝင်လို့ မရတော့ဘူး။ ဘယ်လိုလုပ်ရမလဲမေးတော့ သူတို့က မနက်ကိုလာတွေ့ပါတဲ့။ အဲဒါနဲ့ မနက်အစောကြီး သွားစောင့်တာပါ။

မေး — အဲလို ထောင်တံခါးကြီးပိတ်သွားတော့ နှမ ဖြစ်သူ ဘယ်လိုခံစားရလဲ။

မမိမိကြွယ် — မိန်းကလေးတွေဆိုတော့ ငိုကြတာပေ့ါ။ အစ်မဝမ်းကွဲတွေလည်း ပါ ပါတယ်။ စိတ်မကောင်းပါဘူး။ သူ့မှာက ကုန်းကုန်းလေးပဲ လမ်းလျှောက်နိုင်တာ။ အလေးအပင်လည်း မမ, နဲ့လို့မှာတော့မှာလိုက်ပါတယ်။ ဒါပေမယ့် ထောင်ထဲဆိုတော့ဘယ်ပြောလို့ရမလဲလေ။ ထောင်ကျတယောက်လိုပဲနေရမှာ မဟုတ်လား။

မေး — အခု ကျန်းမာရေးကလည်းမကောင်း၊ လွတ်ရက်တွေကလည်း ကျော်နေပြီ။ တကယ်လို့ အာဏာပိုင်တွေနဲ့ တွေ့ခွင့်ပြောခွင့်ရမယ်ဆိုရင် …

မမိမိကြွယ် — ကျမကတော့ သူ့ကို အမြန်ဆုံးလွှတ်ပေးပါလို့ပဲ ပြောချင်ပါတယ်။ အမေ့အနေနဲ့ကလည်း ကျန်းမာရေး မကောင်းဘူးဆိုတော့ ဒီသားလေးတယောက် သူ့နားမှာမရှိဘူး။ အမေနဲ့ နောက်ဆုံးတော့ တွေ့စေချင်ပါတယ်။ အဖေဆုံးတုန်းကလည်း မတွေ့ခဲ့ရဘူး။ ပြီးခဲ့တဲ့နှစ် အစ်ကိုဆုံးတုန်းကလည်း လာပြီးတွေ့ခွင့် မရှိပါဘူး။ ကျမတို့လည်းစာတွေ ဘာတွေတင်ပါတယ်။ အာဏာပိုင်တွေက တွေ့ခွင့် မပေးခဲ့ပါဘူး။ အခု အမေကတခါ နေမကောင်းဖြစ်ပြီ။ သူတိုယ်တိုင်လည်း နေမကောင်းဖြစ်နေတယ်ဆိုတော့ အမြန်ဆုံးလွှတ်ပေးစေချင်တာပါပဲ။

ကိုဌေးကြွယ်လိုပင် လွတ်ရက်စေ့သော်လည်း ပြန်လွှတ်မပေးဘဲ မတရားဖမ်းဆီးခံထားရသူများ အများအပြားရှိနေသည်။ ထိုအထဲ၌ တံတားနီ ကျောင်းသားလှုပ်ရှားမှုနှင့် (၈၈၈၈) ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုဇော်မင်း၊ ကိုကိုကြီးတို့လည်း အပါအဝင်ဖြစ်သည်။ တံတားနီ ကျောင်းသားလှုပ်ရှားမှု၊ (၈၈၈၈) ကျောင်းသားလှုပ်ရှားမှုများကို ရက်ရက်စက်စက်ဖြိုခွဲရာတွင် အဓိကတာဝန်ရှိသည့်အာဏာရှင်ကြီး ဦးနေဝင်းမှာ မထင်မရှားနှင့် သေဆုံးသွားခဲ့ပြီးဖြစ်သည်။ တံတားနီနှင့် (၈၈၈၈) ဒီမိုကရေစီရေးတောင်းဆိုပွဲများတွင် ကျောင်းသားပြည်သူတို့ကို ပက်ပက်စက်စက် နှိမ်နင်းသတ်ဖြတ်ခဲ့ရာ၌ အဓိက ဦးဆောင်ခဲ့၍ မြန်မာပြည်၏လူသတ်သမားဟု နာမည်ဆိုးနှင့်ကျော်ကြားခဲ့သူ မဆလပါတီခေါင်းဆောင်ဟောင်း ဦးစိန်လွင်တယောက်လည်း ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း မိသားစုဝင်များနှင့် နီးစပ်သူတို့ထံမှတဆင့် စုံစမ်းသိရှိရသည်။ အစသို့

## ကိုသက်ဝင်းအောင် ထောင် ဆေးရုံပေါ်၌ ကျန်းမာရေးအခြေအနေဆိုးရွားနေ

*၁၇ ၊ မတ် ၊ ၂၀၀၄*

မန္တလေးထောင်၌ အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင် ကျန်းမာရေးအခြေအနေဆိုးရွားလာသောကြောင့် ထောင်ဆေးရုံ၌ ဆေးကုသမှုခံယူနေရကြောင်း ဒီဗွီဘီက သတင်းထုတ်လွှင့်ခဲ့ပြီး ဖြစ်သည်။ ယနေ့ ထပ်မံစုံစမ်းရရှိသည့်သတင်းများအရ ကိုသက်ဝင်းအောင်၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး ၎င်း၏မိဘများက ကျေနပ်အားရမှု မရှိဟုလည်းသိရသည်။ ကိုသက်ဝင်းအောင်သည် ဆေးကုပေးသည့်ဆရာဝန်က မေးမြန်းသည်ကို လုံးဝ ပြန်လည်ဖြေကြားခြင်းမရှိသလို မိဘများနှင့်စကားပြောရာမှာလည်း သွက်သွက်လက်လက် မရှိဟု မကြာမီက ထောင်ဝင်စာသွားတွေ့ခဲ့သည့် ၎င်း၏မိဘများက ပြောဆိုသည်။ ထို့ကြောင့် ဦးနှောက်ထဲ ၄က်ဖျားပိုးဝင်နေပြီလားဟု သံသယဖြစ်မိကြောင်းလည်း ကိုသက်ဝင်းအောင်၏မိဘများက ပြောဆိုသည်။ ဆရာဝန်က ထိုကိစ္စနှင့်ပတ်သက်ပြီး စမ်းသပ်စစ်ဆေးမှုများဆက်လုပ်ရမည်ဟုလည်း ပြောကြားလိုက်သည်ဟု ဆိုသည်။ ကိုသက်ဝင်းအောင်ကို အာဏာပိုင်များ စတင်ဖမ်းဆီးသွားကတည်းက ပထမဦးဆုံးအကြိမ် သွားရောက်တွေ့ဆုံခဲ့သည့် ၎င်း၏ မိခင်ဖြစ်သူက သားကိုမြင်တွေ့ခဲ့ရ၍ ဝမ်းသာမိသော်လည်းကျန်းမာရေးအတွက် စိတ်မကောင်းဖြစ်ခဲ့ရကြောင်းယခုလိုပြောဆိုသည်။

“မတွေ့ရတာကြာပြီဆိုတော့ တွေ့လိုက်ရတော့ဝမ်းလည်းသာတယ်။ ဝမ်းလည်းနည်းတယ်။ မတွေ့ရတာကြာတော့ စိတ်ထဲနည်းနည်းတော့ ကောင်းသွားတာပေ့ါ။ လုံးဝ အကုန်လုံးတော့ အားမရသေးဘူး။ ကျန်းမာရေးက အားနည်းနေသလိုပဲဖြစ်နေတယ်။ ကြည့်ရတာ ပုံမမှန်ဘူး။ စကား ပြောတာရော၊ မျက်လုံးတွေ ဘာတွေကြည့်တာရော သိပ်အားမရဘူး”

ထို့ပြင် ခေါင်းညိမ့်ခေါင်းခါသာ လုပ်ပြနေသည့် သားအတွက် စိတ်မကောင်းဖြစ်ခဲ့မိသော်လည်း သားဖြစ်သူ စိတ်ထိခိုက်မည်ကိုစိုးရိမ်ပြီး အားတင်းဖြေသိမ့် ခဲ့ရပုံကိုလည်း ယခုလို ဆက်လက်ပြောပြသည်။

“သိပ် မပြောဘူး။ ခေါင်းညိမ့်တာလောက် ခေါင်းခါတာလောက်ပဲ။ အန်တီကတော့ သူ့ရှေ့မှာတော့ မသိသလိုပဲနေလိုက်တယ်။ ဘာလို့လဲဆိုတော့ သူ့ရှေ့မှာ အိန္ဒြေပျက်ရင်လည်း မကောင်းဘူးလေ။ အဲဒါကြောင့် ကိုယ့်စိတ်ထဲမှာရှိတာကတော့ တမျိုးပေ့ါလေ။ ဒါပေမယ့် ပေ့ါပေ့ါလေးပဲ သူ့ကိုကြည့်လိုက်တယ်လေ။ အမူအယာ မပျက်အောင်တော့ နေရတာပေ့ါ”

ကိုသက်ဝင်းအောင်၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍လည်း ဖခင်ဖြစ်သူ ဦးဝင်းမောင်ကိုထပ်မံမေးမြန်းခဲ့ရာ သားဖြစ်သူ၏ ကျန်းမာရေး အပေါ်ကျေနပ်အားရမှု မရှိခဲ့ကြောင်း ယခုလို စတင်ပြောဆိုသည်။

"စကားပြောတာတွေတော့ သိပ်ပြီးတော့ သွက်သွက်လက်လက်တော့ မရှိဘူး။ သူ့ အနေအထားက ဆက်ပြီးတော့ Treatment ယူရမယ့် အနေအထားမျိုးရှိတယ်။။ ဘာလို့လဲဆိုတော့ဆေးတွေက Course ကုန်အောင် မတိုက်ခဲ့လို့လားမသိဘူး။ နှစ်လ လောက်နေပြီးတော့ ပြန်ဖျားတဲ့သဘောရှိတယ်။ ဆရာဝန်ကြီးရဲ့ပြောပြချက်အရတော့ သူနဲ့ထိတွေ့တဲ့အခါမှာ ပြောတာဆိုတာ မရှိဘူး။ မေးမြန်းစုံစမ်းတဲ့ဟာတွေကို ပြန်မဖြေဘူးလို့ ဆရာဝန်ကြီးက ပြောပြတယ်။ အဲဒီအနေအထားမျိုးတွေတော့ ရှိတယ်။ ကျနော့်ကတော့ သူ့အနေအထားကို ခန့်မှန်းရတာ သိပ်တော့ မကောင်းဘူး။ မတွေ့ရတာကြာတဲ့အမေနဲ့တွေ့လိုက်လို့ ရွှင်ရွှင်လန်းလန်းဖြစ်လာတဲ့သဘောပဲ ရှိတယ်"

မေး — ငှက်ဖျားပိုးက ဦးနှောက်ထဲဝင်တယ်လို့ ကြားနေရလို့။

ဦးဝင်းမောင် — အဲဒါတော့ ကျနော်လည်းသံသယရှိတယ်။ အဲဒါကြောင့်များ ဆိုင်းဆိုင်းတွတွဖြစ်နေသလား။ သွက်သင့်သလောက် မသွက် ဘူးလားဆိုတဲ့အနေအထားမျိုးတွေရှိတယ်။ သွားတာ လာတာတွေကတော့ နည်းနည်း ထုထုထောင်ထောင်တော့ရှိပါတယ်။ သွက်လက်သွက်လက်လက်ပြောတာဆိုတာ မရှိတာ၊ ငိုင်တိငိုင်တိုင်ရှိတာတခုပဲ။ တခါတလေကျတော့လည်း ခေါင်းက အောက်စိုက်နေတယ်။ အဖျား မရှိတော့ဘူးဆိုလို့ စိတ်သက်သာရာတော့ရခဲ့တာပေါ့။ ဒါပေမယ့် ရေရှည်စိတ်ချရတဲ့အနေအထားတော့ ခန့်မှန်းလို့မလွယ်သေးဘူး။ ဆရာဝန်ကိုယ်တိုင်လည်း အဲဒါကို ဖွင့်မပြောဘူးဗျ။ ခန့်မှန်းခြေလောက်ပဲ။ ဆက်လက်ပြီးတော့ စမ်းသပ်စစ်ဆေးဖို့ လိုအပ်မယ်ဆိုတဲ့အနေအထားလောက်ပဲပြော ပြတယ်။

မေး — ကိုသက်ဝင်းအောင်က ထောင် ဘယ်နှစ် နှစ်ကျတာပါလဲ။ တချို့က ၅၈ နှစ်၊ တချို့က ၆၀ လို့ ပြောနေကြလို့ပါ။

ဦးဝင်းမောင် — နှစ် ၆၀ က ဖြစ်ဖို့များတယ်။ ဘာလို့လဲဆိုတော့ ကလေးကနေ ခန္တီးကို ပြောင်းတဲ့အချိန်မှာ တနှစ် ထပ်တိုးတယ်လို့ကြားတယ်။ အဲတော့ ၆၀ ဖြစ်ဖို့များတယ်။ ပထမကတော့ ၅၂ နှစ်၊ တခါ မန္တလေးက ပြောင်းတဲ့အချိန်မှာ ၇ နှစ်၊ ကလေးကနေ ခန္တီးကိုပြောင်းတဲ့အခါ ၁ နှစ်။ အဲလိုသိရတာကိုး။ အားလုံးပေါင်းဆိုရင် နှစ် ၆၀ ဖြစ်သွားတာပေ့ါ။

မေး — အဲလို ထောင်နှစ်တွေ ထပ်ထပ်တိုးနေတဲ့အပေါ်မှာ သားအတွက် ဘယ်လိုခံစားရပါသလဲ။

ဦးဝင်းမောင် — မဖြစ်သင့်ဘူးပေ့ါဗျာ။ ပထမသတ်မှတ်ထားတာကိုကပဲ လူငယ်တယောက်အနေနဲ့ တော်တော်များနေပြီ။ သူ့ရဲ့လှုပ်ရှားမှုနဲ့ ပြစ်ဒဏ်နဲ့က ဘယ်လိုမှစဉ်းစားလို့မရနိုင်တဲ့ အနေအထားမျိုးရှိပါတယ်။ သူလည်းပဲ အဲဒီလိုသတ်မှတ်ချက်ရှိနေလို့ စိတ်အနှောင့်အယှက်ဖြစ်နေတဲ့ ပုံစံမျိုးတွေလည်း ပေါ်ပါတယ်။ သူ လွတ်မှလွတ်ပါ့မလား ဆိုတဲ့သဘော။ အစသို့

## ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ကိုဇော်မင်း ထောင် ၁ နှစ်စီ တိုးမြှင့်ခံရ

*၁၇ ၊ မတ် ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

သရက်ထောင်၌ အကျဉ်းချခံထားရသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ကိုကိုကြီးနှင့် ကျောင်းသားသမဂ္ဂ ပြန်လည်ဖော်ထုတ်ရေးကော်မတီအတွင်းရေးမှူး ကိုဇော်မင်းတို့ကို နအဖ က ထောင် ၁ နှစ် ထပ်မံတိုးလိုက်ကြောင်းသိရသည်။ ထိုသို့ ထောင်သက်တမ်းတိုးသည်ကို ယခုလအစောပိုင်း ထောင်ပိုင်မှတဆင့် အသိပေးခဲ့ခြင်းလည်းဖြစ်သည်။ ကိုဇော်မင်းနှင့် ကိုကိုကြီးတို့သည်လွတ်ရက်စေ့ပြီးမှ ၁၀ (က) နှင့် ထောင်ဒဏ် ၅ နှစ်စီ ထပ်မံတိုးမြှင့်ခံခဲ့ရပြီး ယခု လွတ်ရက်စေ့ခါနီး၌လည်းထပ်မံတိုးမြှင့်ခံခဲ့ရပြန်သည်။ထို့ကြောင့် ယခုလုပ်ရပ်သည် ဥပဒေကြောင်းနှင့် မကိုက်ညီသဖြင့် လက်မခံနိုင်ကြောင်း ထောင် အာဏာပိုင်များထံ စာရေးတင်ပြထားသည်ဟု သိရသည်။

ထိုသို့ ထောင်သက်တမ်း တိုးမြှင့်လိုက်ခြင်းအပေါ် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) အတွင်းရေးမှူး ကိုတိတ်နိုင်က ယခုလို ပြောဆိုသည်။

"ကိုကိုကြီးနဲ့ ကိုဇော်မင်းတို့ဟာ ၁၉၉၁ ဒီဇင်ဘာလ ၁၀ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်ငြိမ်းချမ်းရေးဆုရတာနဲ့ပတ်သက်ပြီးတော့ ရန်ကုန်တက္ကသိုလ်ထဲမှာ ထောက်ခံဆန္ဒပြပွဲတခုလုပ်တယ်။ အားလုံးပေါင်း ၁၂၆ ယောက်ကို ထောင်ဒဏ်တွေချရာမှာ ကိုကိုကြီးနဲ့ကိုဇော်မင်းတို့လည်း ပါသွားတယ်။ တော်တော်များများကတော့ ပြန်လွတ်လာပေမယ့် ကိုကိုကြီးတို့၊ ကိုမြတ်စံတို့၊ ကိုဇော်မင်းတို့ ကျန်နေသေးတယ်။ ကျောင်းသားထဲက ၁၀ (က) နဲ့ ဆက်ထိန်းသိမ်းထားတာမျိုးဆိုရင် ကိုကိုကြီး၊ ကိုဇော်မင်း၊ ကိုမင်းကိုနိုင်၊ ကိုဒွေးကြွယ်၊ ကိုမြတ်စံ၊ ကိုဘိုနိုင်၊ကိုခင်မောင်ရီ သူတို့ ၇ ယောက်ကတော့ ၁၉၈၈ ကာလက စပြီးတော့ သူတို့ ဦးဆောင်နေတဲ့ကျောင်းသားခေါင်းဆောင်တွေဖြစ်တယ်။ အခု ဒီမိုကရေစီလမ်းကြောင်းပေါ် တက်လှမ်းနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်၊ အမျိုးသားညီလာခံခေါ်နေပါတယ်ဆိုရင်တော့ လွတ်ရက်စေ့ပြီးသား နိုင်ငံရေးအကျဉ်းသားတွေကို မဖြစ်မနေ အမြန်ဆုံးလွှတ်ပေးဖို့ လိုပါတယ်"

၁၀ (က) ခေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေဖြင့် ၅ နှစ်အထက် ပိုမိုချုပ်နှောင်ခွင့် မရှိကြောင်းမြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) အတွင်းရေးမှူး ဦးအောင်ထူးက ယခုလို ရှင်းပြခဲ့သည်။

"နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူတို့၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေရဲ့သဘောက ကြိုတင်ကာကွယ်တဲ့အနေနဲ့တားဆီးချုပ်နှောင်တဲ့ဥပဒေမျိုးလို့ ယူဆလို့ရတာဖြစ်တယ်။ အရင်တုန်းကဆိုရင် ၃ နှစ်အထိ ချုပ်ခွင့်ရှိတယ်။ အခု ၅ နှစ်အထိ ချုပ်လို့ရတဲ့သက်တမ်းကို တိုးလိုက်တာဖြစ်ပါတယ်။ သံသယနဲ့ချုပ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ အချက်အလက်ကို ဥပဒေအရ ပြဋ္ဌာန်းထားတာဖြစ်တယ်။ အဲဒီ ဥပဒေဖြစ်ပါတယ်။ ကိုကိုကြီးနဲ့ ကိုဇော်မင်းတို့အမှုမှာ ထင်ရှားတဲ့အချက်က ဘာလဲဆိုတော့ ၁၉၉၁ ခုနှစ်ကတည်းကိုက ထောင်ဒဏ် နှစ် ၂၀ ချလိုက်တာဖြစ်တယ်။ ထောင်ထဲမှာနေခဲ့ရတဲ့အတွက် နိုင်ငံတော်၏အေးချမ်းသာယာရေးကို ထိပါးနှောင့်ယှက် အန္တရာယ်ဖြစ်စေမယ့် လုပ်ရပ်မျိုးတွေ လုပ်နိုင်တယ်ဆိုတဲ့အကြောင်းက လုံးဝ မရှိတော့ပါဘူး။ ၁၀ နှစ်လောက် နေပြီးတဲ့အခါမှာ သူ တို့ပြစ်ဒဏ်ကျခံထားပြီးသားဖြစ်တာကြောင့် ထောင်က လွှတ်ဖို့ပဲရှိတော့တယ်။ ထောင်က မလွှတ်တာကိုကပဲ ဥပဒေပြဋ္ဌာန်းချက်များနဲ့ ဆန့်ကျင်နေတာဖြစ်တယ်လို့ ကျနော်တို့ တင်ပြလိုပါတယ်"

ယခုလို ဥပဒေအရ တရားဝင်ပြဋ္ဌာန်းထားသော်လည်း ၁၀ (က) နှင့်ချုပ်နှောင်ထားဆဲ နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးဆိုးရွားနေကြသလို ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်ဆိုလျှင် ရက်ပိုင်းအတွင်း အသည်းအသန် ရောဂါဖြစ်ပွားခဲ့သော်လည်း အနည်းငယ်သက်သာလာရုံနှင့်ပင် ထောင်ဆေးရုံမှ အင်းစိန်ထောင်ကို ပြန်ပို့လိုက်သဖြင့် ပြန်လွှတ်ပေးရန် လမ်းစ မမြင်ရသေးဟု လေ့လာသူများက သုံးသပ်ပြောဆိုနေကြသည်။ အစသို့

## ပြန်လည်လွှတ်မြောက်လာကြသည့် နိုင်ငံရေးအကျဉ်းသားများကို နိုင်ငံကူးလက်မှတ်နှင့် လုပ်ငန်းလိုင်စင်များချမပေးဘဲ ပိတ်ပင်ထား

*၁၈ ၊ မတ် ၊ ၂၀၀၄*

ပြီးခဲ့သည့်နှစ်က ထောင်က ပြန်လွှတ်လာသည့်နိုင်ငံရေးအကျဉ်းသားများကို နအဖ က နိုင်ငံကူးလက်မှတ်နှင့် လုပ်ငန်းလိုင်စင်များချမပေးဘဲ ပိတ်ပင်ထားကြောင်း သိရသည်။

ယခုနှစ်အစပိုင်း၌ နိုင်ငံကူးလက်မှတ် လျှောက်ထားခဲ့သည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို အာဏာပိုင်တို့က 'ဆိုင်းငံ့'ဟုပြောဆိုကာ ပယ်ချခဲ့ခြင်းဖြစ်သည်။ လျှောက်လွှာတင်ခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ရာ၌လည်း နိုင်ငံရေးအကျဉ်းသားများကို အထူးသတိထားပြီး အသေးစိတ်စစ်ဆေးမေးမြန်းခဲ့ကြောင်း အမည်မဖော်လိုသည့် နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက ဒီဗွီဘီကို ပြောဆိုသည်။

နိုင်ငံကူးလက်မှတ်လျှောက်လွှာ ပယ်ချခံရသူတို့၏အမည်စာရင်းများကို ၎င်းက ယခုလိုပြောဆို သည်။

"ဒေါက်တာလှိုင်မြင့်တင်တော့လည်း 'ဆိုင်းငံ့'ဆိုပြီး လာတယ်။ ရောဘတ်စန်းအောင် တင်တယ်။ သူလည်း သာယာဝတီထောင်ကလွှတ်လာပြီး အတူတင်တယ်။ သူ့ကိုလည်း 'ဆိုင်းငံ့'ဆိုပြီး လာတယ်။ မောင်မောင်ဝမ်း တင်တယ်။ 'ဆိုင်းငံ့'ဆိုပြီး ပြန်လာတယ်။ အခုထက်ထိတော့ လွှတ်တဲ့သူတွေတယောက်မှ မရကြသေးဘူး။ Passport တင်တဲ့သူတိုင်းကို 'ဆိုင်းငံ'ဆိုပြီးတော့ပဲ အဖြေပေးတယ်။ ရောဘတ်စန်းအောင်ဆိုရင် ၂ လရှိပြီ။ ပြီးခဲ့တဲ့တလကနေ'ဆိုင်းငံ့'ဆိုတဲ့အဖြေရတာ။ ဒေါက်တာလှိုင်မြင့်က ပြီးခဲ့တဲ့လက တင်တယ်။ 'ဆိုင်းငံ့'ဆိုပြီး အဖြေထွက်လာတယ်။ 'ဆိုင်းငံ့'ဆိုတာ ကျောက်သင်ပုန်းမှာကပ်တဲ့အခါကျတော့ မပါလာဘူး။ ဝင်မေးတော့မှပဲ 'ဆိုင်းငံ့'ဆိုတာ ပြောပြတယ်။ နောက်တယောက် ကိုဇာနည်အောင်ဆိုတာ လျှောက်သေးတယ်။ သိန်းသန်းဦးနဲ့ ညီအစ်ကိုဝမ်းကွဲပဲ။ သူ့လည်း 'ဆိုင်းငံ့'ဆိုပြီး လာတယ်"

ထို့အတူ ရွှေနေ နိုင်ငံရေးအကျဉ်းသားဟောင်းများကိုလည်း ရွှေနေလိုက်ခွင့်လိုင်စင်ပိတ်ပင်သည့်နည်းဖြင့် စားဝတ်နေရေးအခက်တွေ့စေရန် အာဏာပိုင်တို့က လုပ်ဆောင်နေကြောင်း သိရသည်။ လုပ်ငန်းလိုင်စင်အပိတ်ခံလိုက်ရသည့်ရှေ့နေများက မန္တလေးမြို့မှ ဗဟိုတရားရုံးရှေ့နေများဖြစ်ကြသည့် ဦးခင်မောင်သန်း၊ ဦးသိန်းသန်းဦးနှင့် ကိုစိန်ညိုလွင်ထွန်း၊ ရန်ကုန်မြို့မှ ရောဘတ်စန်းအောင်တို့ ဖြစ်ကြသည်။ ၎င်းတို့အားလုံးသည် မြစ်ကြီးနားနှင့် သာယာဝတီထောင်များမှ ပြီးခဲ့သည့်နှစ်အတွင်းက ပြန်လွှတ်လာသူများလည်းဖြစ်ကြသည်။ ယခုလို နိုင်ငံရေးပုဒ်မဖြင့်ထောင်ကျခဲ့သူများဖြစ်ခြင်းကြောင့် ရှေ့နေလိုင်စင် ပိတ်ပင်ခံရခြင်းဖြစ်ကြောင်းလည်း အဆိုပါ အမည်မဖော်လိုသည့် နိုင်ငံရေးအကျဉ်းသားဟောင်းကပင် ဆက်လက် ပြောဆိုသည်။

"သူတို့က ၅ (ည) မို့လို့ပေါ့။ ၅ (ည) ဆိုပြီးတော့မပေးတာပေါ့။ Character case တွေတော့ မဟုတ်ဘူး။ အားလုံး နိုင်ငံရေးအမှုတွေနဲ့ပဲ။ တယောက်မှ လိုက်ခွင့်မပေးဘူး။ ရှေ့နေတွေရဲ့ဥပဒေမှာလည်း Deal လုပ်ရမှာပေါ့။ မြန်မာနိုင်ငံ ဘားကောင်စီက လုပ်ရမယ်ဆိုတဲ့သဘောပေါ့။ မလုပ်ဘဲနဲ့ တန်းပြီးတော့ ရှေ့နေလိုင်စင်ပိတ်လိုက်တာပေါ့။ ဗဟိုတရားရုံးကနေ ရှေ့နေလိုင်စင် ပေးပိုင်ခွင့်ရှိသေးတာကိုး။ အဲဒီကနေ ပယ်ချတယ်ဆိုတော့ သူတို့လည်း ဘာမှ စောဒကတတ်လို့ မရဘူးပေါ့။ ဗဟိုတရားရုံးက ကိုင်ထားတာကိုး"

ရှေ့နေလိုင်စင်ကို ယာယီပိတ်ပင်ခံရခြင်း သို့မဟုတ် အမြဲတမ်းပိတ်ပင်ခံရခြင်းလားဆိုသည်ကို မေးမြန်းသည့်အခါမှာ ၎င်းက ယခုလို ပြန်လည်ဖြေကြားသွားသည်။

"အဲလိုလည်းမပြောဘဲနဲ့ လုံးဝ ပိတ်တယ်ဆိုတဲ့သဘောပေါ့။ သူတို့ရဲ့အသက်မွေးဝမ်းကျောင်း Professional ကို သွားထိခိုက်အောင်လုပ်တဲ့သဘောဖြစ်နေတာပေါ့။ တရားဝင်ကျတော့ ခွင့်ပြုတယ်ပေါ့။ ဘယ်လိုလဲတော့ ကျနော်လည်း ခွဲခြားနားမလည်ဘူး။ အခုတွေ့တဲ့ရှေ့နေတွေက ၅ ယောက်လုံး မရတော့ ကျနော့်ကို ပြောပြတာပေါ့။ သူတို့ ခုတော့ တခြား စီးပွားရေးလုပ်နေရတာပေါ့။ သူတို့ကျွမ်းကျင်တဲ့လုပ်ငန်း မလုပ်ရတော့ဘူးပေါ့" အစသို့

## ကျောက်တန်း အဖွဲ့ချုပ်ကိုယ်စားလှယ် ဒေါက်တာ သန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ

*၁၈ ၊ မတ် ၊ ၂၀၀၄*

နအဖ၏ မတရားဖမ်းဆီးထောင်ချခံထားရသူများထဲမှ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ် အဖွဲ့ချုပ်ပြည်သူ့ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း ကျန်းမာရေးအခြေအနေ ပိုဆိုးလာနေကြောင်း သိရသည်။

ဒေါက်တာသန်းငြိမ်းကို ၁၉၉၇ ခုနှစ်ထဲ၌ နအဖ က ဖမ်းဆီးခဲ့ပြီး ထောင် ၇ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ လာမည့် အောက်တိုဘာလဆိုလျှင် ၎င်းဖမ်းဆီးခံထားရသည်မှာ ၇ နှစ်ပြည့်မည်ဖြစ်သည်။ ထို့ကြောင့် ပုံမှန်ဆိုလျှင် နအဖအနေနှင့် ဒေါက်တာသန်းငြိမ်းကို အောက်တိုဘာလထဲ၌ ပြန်လွှတ်ပေးရမည်ဖြစ်သည်။ ဒေါက်တာသန်းငြိမ်း၏ လက်ရှိကျန်းမာရေးအခြေအနေနှင့် မိသားစုဝင်များ၏ အခြေအနေသိရှိနိုင်ရန်အတွက် ဇနီးဖြစ်သူ ဒေါ်ခင်အေးကို ဆက်သွယ်မေးမြန်းထားသည်။ ဒေါက်တာသန်းငြိမ်း၏လက်ရှိကျန်းမာရေးအခြေအနေကို ဒေါ်ခင်အေးက ယခုလို စတင်ပြောဆိုသည်။

" ၉ ရက်နေ့မှာ အသဲဌာနကို စစ်တယ်။ ၃ လ တကြိမ် Ultrasound ရိုက်ရတဲ့အခါကျတော့ လွန်ခဲ့တဲ့ ၃ လက ရိုက်တဲ့ Ultrasound နဲ့ အခု ၉ ရက် နေ့ကစစ်တဲ့ Ultrasound တွေမှာ ဆီးအကြိတ်က သိသိသာသာ ကြီးလာတယ်။ ၉၉ တုန်းက ဆီးကြိတ်အတွက် ဂျပန်ဆေးရုံမှာ တခါပြဖူးတယ်။ အဲဒီတုန်းက သူတို့က ဆီးကြိတ်အတွက် ဆေးတွေအသောက်ခိုင်းတယ်။ နောက်ပိုင်း အဲဒီဆေးတွေတော့ သောက်နေတာပေါ့။ ဒါပေမယ့် ဒီလိုကြီးလာတယ် ဆိုတော့ မကောင်းဘူးပေါ့။ ထပ်လည်း ပြမပေးတော့ဘူး။ ဒီတိုင်းပဲ ဆေးတွေအသောက်ခိုင်းထားတာ"

မေး — အောက်တိုဘာလမှာ ၇ နှစ်ပြည့်တော့မယ်ဆိုတော့ ပြန်လွတ်လာမယ်လို့ မျှော်လင့်ထားပါသလား။

ဒေါ်ခင်အေး — နောက်က ၁၀ (က) က ဘယ်တော့ပါမလဲ မသိဘူး။

မေး — ပုဒ်မ ၁၀ (က) နဲ့ ထပ်ဖမ်းဦးမယ်လို့မျှော်လင့်ထားတာလား။

ဒေါ်ခင်အေး — ကိုယ့်ရှေ့မှာလည်း သူများတွေ ဖြစ်နေတာပဲလေ။

မေး — အသက်ကလည်း ကြီးပြီ။ ကျန်းမာရေးကလည်း မကောင်းဘူးဆိုတော့ သူ့ကိုပြန်လွှတ်ပေးဖို့ အာဏာပိုင်တွေဆီ တောင်းဖို့ရော အစီအစဉ် မရှိဘူးလား။

ဒေါ်ခင်အေး — မလုပ်ပါဘူး။ ရောဂါပေါင်းစုံဖြစ်နေတယ်။ အိမ်မှာပဲ နားနားနေနေနဲ့ နေဖို့ကောင်းတယ်ဆိုတာ သူတို့ Report ပေးတဲ့စာတွေအရ သူတို့လည်း သိမှာပါ။ သိလျက်သားနဲ့ မလွှတ်တာကို အန်တီက ဘယ်တောင်းမလဲ။

မေး — အဲလို သိလျက်နဲ့ ပြန်လွှတ်မပေးဘူးဆိုတော့ ဒီအပေါ်မှာ ဘယ်လိုပြောစရာရှိမလဲ။

ဒေါ်ခင်အေး — တကယ်တမ်းကျတော့ ၅ (ည) ဆိုတာ ဘာအပြစ်မှမရှိဘဲနဲ့ အဖမ်းခံထားရတာပဲ။ ဒါကိုမှ ၁၀ (က) တွေနဲ့ တိုးဦးမယ်ဆိုတော့ မသေမချင်းသတ်သလိုပဲလို့ ထင်တာပဲ။

မေး — နအဖ က နိုင်ငံရေးအကျဉ်းသားတွေကို မသေသေအောင် သတ်နေတယ်ဆိုတာ မိသားစုဝင် ဒေါ်ခင်အေးအနေနဲ့ သတိထားမိတယ်ပေါ့။

ဒေါ်ခင်အေး — သိပ်သတိထားမိတာပေါ့။ ဒီလောက် ရောဂါတွေစုံနေလျက် လွှတ်မပေးတာ သတ်နေတာနဲ့အတူတူပဲပေါ့။

မေး — ခင်ပွန်းသည်အတွက် အဆိုးဆုံးတွေ၊ အကောင်းဆုံးတွေ အားလုံးကို မျှော်လင့်ထားပြီးတဲ့သဘောလား။

ဒေါ်ခင်အေး — အန်တီကတော့ မျှော်လင့်တာပေါ့ကွယ်။ ဒီလောက်ကြီး ရောဂါပေါင်းစုံဖြစ်နေတဲ့ခင်ပွန်းသည်ကို အနီးကပ်ပြုစုပြီးတော့ အိမ်မှာပဲ သေသေချာချာ ပြုစုချင်တာပေါ့။ ဒါပေမယ့် အဆုံးအစွန်ကတော့ နိုင်ငံရေးလုပ်နေတာ တနေ့ကျရင်တော့ သတ်သလိုဖြစ်ရင်တော့ သေရမှာပဲပေါ့။

မေး — နအဖ လူသတ်ကွင်း ဘဝတူ အကျဉ်းထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေကို ဘယ်လိုမျိုး ပြောချင်တာရှိမလဲ။

ဒေါ်ခင်အေး — သိပ်ပြီးတော့ ကိုယ်ချင်းစာတာပေါ့။ တချို့ဆိုရင် မိသားစုမှာ ခင်ပွန်းသည်၊ မိဘ၊ သားသမီး စသဖြင့် ဒီလို အိမ်ထောင်ရေးမှာ စီးပွားရေးနဲ့ပတ်သက်လို့၊ ကျန်းမာရေးနဲ့ပတ်သက်လို့ ထိခိုက်သွားတာတွေ အန်တီမျက်စေ့နဲ့ ကြုံရမြင်ရတာတွေ အများကြီးရှိပါတယ်။ ရုံးမှာလာနေကြတဲ့လူတွေဆိုရင်လည်း စီးပွားရေး၊ ကျန်းမာရေးနဲ့ပတ်သက်လို့ တော်တော်ကို ခံစားကြရတယ်ဆိုတာ အန်တီသိပါတယ်။ ကိုယ်ချင်းလည်း စာပါတယ်။ တခြား ဗမာပြည်မှာရှိတဲ့ အကျဉ်းထောင်တွေထဲမှာ အခြေအနေတော်တော်ဆိုးတဲ့လူတွေ တော်တော်များတယ်လို့ အန်တီ ကြားပါတယ်။ အဲဒါတွေကို ဖော်ပြပေးပါလို့ အန်တီမေတ္တာရပ်ခံပါတယ်။

ဒေါ်ခင်အေး၏ပြောပြချက်အရ အင်းစိန်ထောင်ဆေးရုံမှာရှိနေသည့် ဒီမိုကရေစီပါတီ ခေါင်းဆောင်များဖြစ်ကြသည့် ဦးသုဝေနှင့် ဦးထွေးမြင့်တို့၏ ကျန်းမာရေးအခြေအနေလည်း အတော်ဆိုးရွားနေကြောင်း သိရှိသည်။

အစသို့

## နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ကို သတင်းပေးခဲ့သည်ဆိုသော စွဲချက်ဖြင့် သေဒဏ်ချခံထားရသူများအား ပြန်လွှတ်ပေးရန် ICFTU တောင်းဆို

*၁၉ ၊ မတ် ၊ ၂၀၀၄ အောင်လွင်ဦး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO) ကို သတင်းများပေးခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက မတရားသေဒဏ်ချမှတ်ခံခဲ့ရသူ ၃ ဦးကို ချက်ချင်း ပြန်လွှတ်ပေးရန်အတွက် ဘယ်လ်ဂျီယမ်အခြေစိုက် နိုင်ငံတကာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (ICFTU) က တောင်းဆိုလိုက်ကြောင်း သိရသည်။

ယခုလို မတရားအပြစ်ပေးခဲ့သည့်အပေါ် ဘယ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆဲလ်အခြေစိုက် နိုင်ငံတကာအလုပ် သမားအဖွဲ့တခုဖြစ်သည့် ICFTU က ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ပြီး ဖမ်းဆီးခံထားရသူများကို ချက်ချင်းပြန်လွှတ်ပေးရန် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာရေးတောင်းဆိုလိုက်ခြင်း ဖြစ်သည်။ အထူးသဖြင့် ကုလသမဂ္ဂလက်အောက်ခံ အလုပ်သမားအခွင့်အရေးကာကွယ်ပေးနေသည့် ILO နှင့်ပတ်သက်မှုကြောင့် ယခုလိုပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းသည် အခြေခံလူ့အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းဖြစ်သည်ဟုလည်း ICFTU အဖွဲ့အစည်းက ဝေဖန်ပြစ်တင်လိုက်သည်။ ထို့ပြင် သေဒဏ်ချမှတ်ခံခဲ့ရသူများအတွက် ဆက်လက်လုပ်ဆောင်မည့်အကြောင်းများကို အဖွဲ့၏ပြောခွင့်ရသူ မစ္စဘာဂါကွာတမ်က ရှင်းပြရာမှာ ...

"မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေးတွေချိုးဖောက်ခံနေရတာတွေကို ရပ်တန့်ကရပ်နိုင်ဖို့ မြန်မာအစိုးရကို ဖိအားပေးနိုင်အောင် နိုင်ငံတကာအသိုင်းအဝိုင်းကို တောင်းဆိုသွားမှာဖြစ်ပါတယ်။ လောလောဆယ် ဒီကိစ္စနဲ့ပတ်သက်လို့ ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီးဖြစ်တဲ့ ILO နဲ့ ဆွေးနွေးပြောဆိုမှုတွေလုပ်ဆောင်နေပြီး ICFTU အနေနဲ့ ILO က ဒီကိစ္စကို စုံစမ်းစစ်ဆေးရာမှာ အပြည့်အဝ ကူညီပေးသွားမှာဖြစ်ကြောင်း" ပြောဆိုခဲ့သည်။

ထို့ပြင် မြန်မာအလုပ်သမားများအခွင့်အရေးအတွက် ကြိုးပမ်းနေသည့် ပြည်ပရောက် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB) ကို အကြမ်းဖက်အဖွဲ့တခုအဖြစ် စွပ်စွဲပြောဆိုခြင်းနှင့် ထိုအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နေသူများကိုလည်း အကြမ်းဖက်လုပ်ရပ်များကို အားပေးသူများဟု

စွပ်စွဲပြောဆိုခဲ့ခြင်းသည် အဓိပ္ပာယ်မဲ့ အမြော်အမြင်မရှိရာရောက်သည်ဟုလည်း နအဖဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပေးပို့သည့်စာထဲ၌ ရေးသားဖော်ပြထားသည်။ ယခုလို မြန်မာနိုင်ငံကအလုပ်သမားများ အခွင့်အရေးအတွက် နိုင်ငံတကာမှ အလုပ်သမားအဖွဲ့အစည်းများနှင့် ပူးပေါင်းကြိုးပမ်းနေသည့်အပေါ် နအဖ က စွပ်စွဲပြောဆိုခဲ့ခြင်းကို FTUB ၏ပြောခွင့်ရသူ ကိုဇာနည်သွေးက ယခုလိုမှတ်ချက်ပေးပြောဆိုခဲ့သည်။

"ပြည်တွင်းထဲမှာ အလုပ်သမားအခွင့်အရေးရရှိဖို့၊ အလုပ်သမားတွေဘာဝ ထိခိုက်နစ်နာမှုကနေ ကာကွယ်ပေးဖို့အတွက် အလုပ်သမားသမဂ္ဂဖွဲ့စည်းဖို့ အလုပ်သမားသမဂ္ဂဆိုင်ရာနည်းပညာတွေ၊ခေါင်းဆောင်မှုဆိုင်ရာ နည်းပညာတွေ ပေးပြီးတော့ ပြည်တွင်းထဲမှာ အလုပ်သမားသမဂ္ဂတွေပေါ်ထွက်ရေးအတွက် တည်ဆောက်မှုတွေ ပြုလုပ်နေပါတယ်။ အကြမ်းဖက်တယ်ဆိုပြီး အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်နဲ့ စွပ်စွဲပြီးတော့ ဒီလိုမျိုး လုပ်တာဟာ ICFTU နဲ့ ILO ကို တိုက်ရိုက်စော်ကားရာ ရောက်ပါတယ်"

ထို့ပြင် ယခု သေဒဏ်ချမှတ်ခံထားရသူများ လွတ်မြောက်ရေးအတွက် နယူးဇီလန်နိုင်ငံအခြေစိုက်အလုပ်သမားသမဂ္ဂများကောင်စီ (CTU) ကလည်း နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းတို့ထံ စာရေးတောင်းဆိုခဲ့ကြောင်း သိရှိရသည်။ အစသို့

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအား မတရား ဖမ်းဆီး ထောင်ချခြင်းများဆက်လက် လုပ်ဆောင်နေ

*၂၀၊ မတ်၊ ၂၀၀၄*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များကို နအဖ စစ်အစိုးရက မတရားဖမ်းဆီး ထောင်ချခြင်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ မန္တလေးတိုင်း၊ မေမြို့မြို့နယ် အဖွဲ့ချုပ်ဝင်တဦးဖြစ်သည့် ဦးစလင်းကို မြို့နယ်ကြံ့ဖွံ့အဖွဲ့အား ဆဲဆိုကြိမ်းမောင်းသည်ဆိုသောစွပ်စွဲချက်ဖြင့် ယခုလ ၁၅ ရက်နေ့က ဖမ်းဆီးပြီး ထောင် ၂ နှစ် ချမှတ်ခဲ့ကြောင်းသိရသည်။ မေမြို့ မြို့ခံများ၏ အပြောအရ ဦးစလင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းခရီးစဉ်များတွင် တက်တက်ကြွကြွကြိုဆိုခဲ့ခြင်းကြောင့် ဖမ်းဆီးခံခဲ့ရသည်ဟု ပြောဆိုသည်။ အမိန့်ချမှတ်သည့်အခါ ကြံ့ဖွတ်အဖွဲ့ကို ဆဲဆိုကြိမ်းမောင်းသည်ဆိုသောစွဲချက်နှင့် ပုဒ်မ ၅၀၅ (ခ) တပ်ပြီး ထောင် (၂) နှစ် ချမှတ်လိုက်ခြင်းဖြစ်သည်။

ဦးစလင်းကို ယနေ့နေ့လယ်ပိုင်းက မေမြို့ရဲစခန်းအချုပ်မှနေ မန္တလေး အိုးဘိုထောင်ကို ပြောင်းရွှေ့ထားလိုက်ကြောင်း သိရသည်။ မေမြို့မြို့နယ်အဖွဲ့ချုပ်ဝင်များက ဒီပဲယင်း နိုင်ငံတော် လုပ်ကြံမှုနောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တလျှောက် တက်တက်ကြွကြွ ကြိုဆိုခဲ့သူများ၊ ထောက်ခံအားပေးခဲ့သူများကို ယခုမှ နအဖက အငြိုးတကြီးဖြင့် မတရားဖမ်းဆီးထောင်ချခြင်းများလုပ်ဆောင်လာခြင်းဖြစ်ကြောင်း ဝေဖန်သုံးသပ်ပြောဆိုနေကြသည်။ အစသို့

## မေမြို့ အဖွဲ့ချုပ်ဝင် ဦးစလင်းကိစ္စ သမီးဖြစ်သူနှင့် ဆက်သွယ်မေးမြန်းခြင်း

*၂၁ ၊ မတ် ၊ ၂၀၀၄*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းခရီးစဉ်များတွင် တက်တက်ကြွကြွကြိုဆိုထောက်ခံခဲ့သည့် မေမြို့ မြို့နယ် အဖွဲ့ချုပ်ဝင် ဦးစလင်းကို နအဖက မတရားဖမ်းဆီးထောင်ချလိုက်ကြောင်း မနေ့ကသတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ ယခုလို မတရားဖမ်းဆီးထောင်ချခဲ့ခြင်းနှင့်ပတ်သက်ပြီး ပိုမိုသိရှိနိုင်ရန်သမီးဖြစ်သူ မမီးမီးကို ဆက်သွယ်မေးမြန်းရာ၌ ယခုလို ပြောဆိုသည်။

"အဖေက အဲဒီခရီးစဉ်မှာ အားတက်သရောကူညီပေးခဲ့တယ်။ အဲဒါကို သူတို့က ကြံ့ဖွတ်လူကြီးကို ဆဲတယ်ဆိုပြီးတော့ ဆဲလည်း မဆဲဘဲနဲ့ ဆဲပါတယ် ဆိုပြီးတော့ ၂ နှစ် ချလိုက်တာ။ အကွက်ဆင်ပြီးတော့လုပ်လိုက်တာ။ ဘာမှပြောခွင့်လည်း မပေးတော့ဘူး။ အဖေက စက်ဘီးနဲ့အပြင်ကို အလုပ်ကိစ္စနဲ့ထွက်သွားတာ။ အဲဒါကို ရဲစခန်းက တယောက်က 'ရဲစခန်းကို ခဏလိုက်ခဲ့ဦး။ ပြောစရာရှိလို့'ဆိုပြီး ခေါ်သွားခဲ့ပြီးတော့ ပြန် မလွှတ်တော့ဘူး။ ခေါ်ထားလိုက်တော့တာ။ သမီးတို့ဘက်က သက်သေတွေလည်းရှိတယ်။ ဒါပေမယ့် အဲဒါကို အပြောမခံဘူး။ ရုံး နှစ်ခါ သုံးခါချိန်းပြီးတော့ ချပစ်လိုက်တာ။ သမီးကတော့ လုံးဝ မကျေနပ်ဘူး" အစသို့

## ရေနံအလုပ်သမား ဦးငြိမ်းမောင် သာယာဝတီထောင်မှ လွတ်မြောက်

*၂၁ ၊ မတ် ၊ ၂၀၀၄*

ယခုလ ၁၂ ရက်နေ့က သာယာဝတီထောင် မှပြန်လည်လွတ်မြောက်လာသည့် ချောက်မြို့က ရေနံအလုပ်သမားကြီး ဦးငြိမ်းမောင်နှင့် ဒီမိုကရက်တစ်မြန်မာ့အသံက ဆက်သွယ်မေးမြန်းခဲ့သည်။

" ၁၉၉၆ ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုမှာ နောက်ကွယ်က ကြိုးကိုင်တယ်ဆိုပြီးတော့ ကျနော့်ကို အမှုလုပ်တယ်။ ပုဒ်မတပ်ပြီးတော့ ထောင် ၇ နှစ်ချတယ်။ ဒီဇင်ဘာ ၁၂ ရက်နေ့ နေ့လယ် ၁၂ နာရီခွဲ ၁ နာရီလောက်မှာ ရေနံချက်စက်ရုံကို လာပြီးတော့ကျနော့်ကိုဖမ်းခေါ်သွားတယ်။ စဖမ်းတဲ့ ၁၂ ရက်နေ့က ချောက်မြို့ကနေပြီးတော့ တပ်ထဲက ထောက်လှမ်းရေးရုံးကနေ ညနေ ၃ နာရီထိုးလောက်မှာ မိတ္ထီလာကို ပို့တယ်။ ၅ နာရီခွဲလောက်မှာ မိတ္ထီလာကိုရောက်တယ်ခင်ဗျ။ ၆ နာရီလောက်ကနေ စစ်ကြောရေးဝင်လိုက်တာ မနက် ၃ နာရီလောက်မှ ပြီးတယ်။ အဲဒီနေ့ ကျနော့်ကို ရိုက်နှက်ထုနှက်ပြီးတော့ ကျနော့်သွား ၂ ချောင်းလည်း ကျိုးပါတယ်။ နားတွေလည်း ပိတ်ရိုက်တော့ နားတွေလည်း အူတယ်ခင်ဗျ။ အခုချိန်ထိ ကျနော့်ဘယ်ဖက်နားက မကြားရဘူး။ လေထွက်နေတယ် ခင်ဗျ"

(အဆိုပါ မေးမြန်းချက်အပြည့်အစုံကို လာမည့်ရက်များ၌ ဆက်လက်ဖော်ပြပေးပါမည်) အစသို့

## မတရား ဖမ်းဆီးထောင်ချခံရသည့် မေမြို့ အဖွဲ့ချုပ် အဖွဲ့ဝင် ဦးစလင်း၏ သမီးဖြစ်သူနှင့် ဆက်သွယ်မေးမြန်းချက်

*၂၂၊ မတ်၊ ၂၀၀၄*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းခရီးစဉ်များတွင် တက်တက်ကြွကြွ ကြိုဆိုထောက်ခံခဲ့သည့် မေမြို့ မြို့နယ်အဖွဲ့ချုပ်ဝင် ဦးစလင်းကို နအဖက ယခုလ ၁၅ ရက်နေ့က ဖမ်းဆီးထောင်ချခဲ့သည်။

ကြံ့ဖွံ့လူကြီးများကို ဆဲဆိုသည်ဆိုကာ မတရားစွဲချက်ဖြင့်ဖမ်းဆီးထောင်ချခဲ့ခြင်းဟုသိရှိရသည်။ ဦးစလင်းကို ယခုလို မတရားထောင်ချလိုက်ခြင်းနှင့်ပတ်သက်၍ သမီးဖြစ်သူ မမီးမီးနှင့် ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့သည်။

"အဖေက အဲဒီခရီးစဉ်မှာ အားတက်သရောကူညီပေးခဲ့တယ်။ အဲဒါကို သူတို့က ကြံ့ဖွံ့လူကြီးကိုဆဲတယ်ဆိုပြီးတော့ ဆဲလည်းမဆဲဘဲနဲ့ ဆဲပါတယ် ဆိုပြီးတော့ ၂ နှစ်ချလိုက်တာ။ သူတို့ ကြံပြီးတော့လုပ်လိုက်တာ။ ဘာမှပြောခွင့်လည်း မပေးတော့ဘူး"

မေး — ဦးစလင်းကို လာဖမ်းတုန်းက ဘယ်လိုပုံစံမျိုးနဲ့ လာဖမ်းသွားလဲ။

မမီးမီး — အဖေက စက်ဘီးနဲ့အပြင်ကို အလုပ်ကိစ္စနဲ့ထွက်သွားတာ။ အဲဒါကို ရဲစခန်းက တယောက်က 'ရဲစခန်းကို ခဏလိုက်ခဲ့ဦး။ ပြောစရာရှိလို့' ဆိုပြီး ခေါ်သွားခဲ့ပြီးတော့ ပြန်မလွှတ်တော့ဘူး။ ခေါ်ထားလိုက်တော့တာ။

မေး — အမှုစစ်တုန်းကရော မိသားစုတွေသွားရောက်နားထောင်ခဲ့ရလား။ ဘယ်လိုပုံစံမျိုးအမှုစစ်ခဲ့တယ်ဆိုတာ ပြောပြလို့ရမလား။

မမီးမီး — ရှေ့နေတော့ ငှားတော့ ငှားလိုက်တယ်။ ပိုက်ဆံကုန်သွားတာပဲ အဖတ်တင်တယ်။ ကျတာက ကျတာပဲ။ သမီးတို့ဘက်က သက်သေတွေလည်းရှိတယ်။ ဒါပေမယ့် အဲဒါကို အပြောမခံဘူး။ ရုံး နှစ်ခါသုံးခါချိန်းပြီးတော့ ချပစ်လိုက်တာ။ မန္တလေးအိုးဘိုထောင်ကို ပို့ပစ်လိုက်တာ။

မေး — ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်ကတည်းက မေမြို့မှာရှိတဲ့ စစ်ထောက်လှမ်းရေးတွေ၊ ကြံ့ဖွံ့တွေက ဦးစလင်းကို စောင့်ကြည့်နေတဲ့သဘော ရှိတယ်ဆိုတဲ့အဓိပ္ပါယ်လား။ ဒါမှမဟုတ် တမင် အကွက်ဆင်ပြီးတော့ ဖမ်းဆီးထောင်ချတယ်လို့ ဆိုလိုတဲ့သဘောမျိုးလား။

မမီးမီး — ဟုတ်ပါတယ်။ ဟုတ်တယ်။ တက်တက်ကြွကြွလုပ်ပြီးတဲ့အချိန်ကတည်းက အိမ်နားမှာ၊ ဆိုင်နားမှာ ထောက်လှမ်းရေးတွေ ဘာတွေက အမြဲတမ်းကြည့်နေတာ။ အခု ဒီကိစ္စကိုလည်း အကွက်ဆင်ပြီးတော့ လုပ်လိုက်တာ။

မေး — မိသားစုအနေနဲ့ ဥပဒေကြောင်းအရအယူခံတင်ဖို့တို့ အစီအစဉ်တွေရှိလား။

မမီးမီး — ရှေ့နေတယောက်နဲ့ တိုင်ပင်တာပေါ့။အယူခံဝင်ရင်လည်း ဒီမှာလည်း ရှုံးမှာပဲ။ မန္တလေးမှာလည်း ရှုံးမှာပဲ။ ရန်ကုန်မှာတိုင်ရင်လည်း ရှုံးဖို့ကများတယ်တဲ့။ ပိုက်ဆံကုန်တာပဲရှိမယ်။ အယူခံလည်းဝင်မနေနဲ့တဲ့။ အဖေကလည်း နေပေ့စေတဲ့၊ ဝင် မနေနဲ့တော့ တဲ့။

မေး — အခုလက်ရှိ ဦးစလင်းရဲ့ ကျန်းမာရေးအခြေအနေ ဘယ်လိုမျိုးရှိနေလဲ။

မမီးမီး — ကျန်းမာရေးကတော့ ကောင်းပါတယ်။ ရောဂါထွေထွေထူးထူး မရှိဘူး။ ဟိုထဲရောက်မှ ဘာရောဂါဝင်လာမလဲ။ စားတာ သောက်တာက အစ အိမ်မှာနဲ့တော့ ဘယ်တူမလဲ။ ကောင်းကောင်းမွန်မွန် မစားရဘူးဆိုရင်ပေါ့။ အဖေ ဟိုထဲမှာ ဘယ်လိုနေရမလဲဆိုတာ စဉ်းစားလိုက်ရင် စိတ်မကောင်းတာ ပဲရှိတယ်။

မေး — အိမ်ထောင်ဦးစီးဖြစ်တဲ့ ဖခင် ဦးစလင်းဒီလိုမျိုး မတရားဖမ်းဆီးထောင်ချခံရတဲ့အပေါ်မှာ ကျန်ခဲ့တဲ့မိသားစုတွေအနေနဲ့ ဘယ်လို မျိုးဖြစ်မိကြလဲ။

မမီးမီး — ပြောရရင်တော့ လုံးဝ မကျေနပ်ဘူး။ မဟုတ်ပဲနဲ့ အပြောခံရတာ။ ဟုတ်လို့ရှိရင်တော့ ခံလိုက်မယ်။ ကိုယ့်ဟာနဲ့ကိုယ် ဥပဒေဘောင်အတွင်းက လုပ်နေတာပါ။ သူတို့ဘက်ကလည်း ဘာမှပြောတာ ဆိုတာလည်းမရှိဘူး။ အဲဒါတောင်မှ ဒီလိုဆိုတော့ စိတ်ထဲမှာ ခံပြင်းတာပေါ့။ အဖေ မရှိတော့ဘူးဆိုတော့ စီးပွားရေးကတော့ နှောင့်နှေးသွားတာပေါ့။ အဖေက အားပေးစကားတော့ ပြောပါတယ်။ စိတ်ချတဲ့။ ပြန်ထွက်လာရင်လည်း ဒီအလုပ်ကို ဆက်လုပ်ဦးမှာပဲတဲ့။ မကြောက်ဘူးတဲ့။ သူ မဟုတ်တာလုပ်ထားတာမှ မဟုတ်တာတဲ့။ ကိုယ် မှန်နေတာပဲတဲ့။ ဘာမှ ကြောက်စရာမလိုဘူးတဲ့။

မေး — အခုလို ညီမရဲ့ဖခင်ကို ခုလို မတရားဖမ်းဆီးထောင်ချလိုက်တဲ့သူတွေကိုရော ဘယ်လိုမျိုးပြောစရာရှိမလဲ။

မမီးမီး — မကျေနပ်တာပဲ ပြောရုံပဲပေါ့။ ကိုယ့်အဖေကလည်း ဒီအလုပ်ကို လုပ်နေကတည်းက တချိန်ချိန်မှာ ဒါမျိုးရင်ဆိုင်ရမယ်ဆိုတာ အဖေက သိပြီးသား။ ဒါပေမယ့် ဇွဲမလျှော့ပဲ ဒီအလုပ်ကိုဆက်လုပ်နေတယ်ဆိုတော့ သမီးတို့ကလည်း အဖေ့ကိုအားပေးပါတယ်။ အစသို့

## NLD အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် မသန်းသန်းစုဝင်း ညှဉ့်စာရင်းမတိုင်မှုအကြောင်းပြချက်ဖြင့် အလုပ်ကြမ်းနှင့်ထောင် ၇ ရက်ချမှတ်ခံရ

*၂၃၊ မတ်၊ ၂၀၀၄ မောင်တူး(ဒီဗွီဘီ သတင်းထောက်၊ ထိုင်း)*

ရန်ကုန်မြို့၌ တော်လှန်ရေးနေ့စီမံချက်အဖြစ် စစ်ထောက်လှမ်းရေးနှင့် ဒေသဆိုင်ရာအာဏာပိုင်တို့ ပူးပေါင်းပြီး ညှဉ့်စာရင်းစစ်ဆေးခြင်းများ ပြုလုပ်နေသလို အိမ်များကိုစောင့်ကြည့်နေခြင်းတို့လည်း အရေးတကြီးလုပ်ကိုင်နေကြောင်းသိရသည်။ လမ်းများတွင်လည်း စစ်ကားများ ကင်းလှည့်နေသည်ကို နေ့ရောညပါ တွေ့နေရသည်ဟု ရန်ကုန်မြို့ခံတို့ကပြောပြသည်။ ပြီးခဲ့သည့် သီတင်းပတ်က အင်းစိန်မြို့နယ်တွင်း အာဏာပိုင်များ ညှဉ့်စာရင်းစစ်ဆေးရာတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် မသန်းသန်းစုဝင်း အပါအဝင် လူ ၂ ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ ရက် ချမှတ်ခဲ့ကြောင်း အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့ဝင် နော်အုန်းလှက ယခုလိုပြောဆိုသည်။

"အခုဆိုရင် မီးသတိနဲ့ ညှော်စာရင်းသတိကတော့ ရပ်ကွက်တိုင်းလိုလို မြို့နယ်တိုင်းလိုလို စစ်တာမှ ပြီးခဲ့တဲ့ တပတ်က အင်းစိန်မြို့နယ် အမျိုးသမီးလုပ်ငန်းအဖွဲ့က သန်းသန်းစုဝင်း (ဒဂုံမြို့သစ်မှာနေပါတယ်) တော်လှန်ရေးနေ့စီမံချက်ဆိုပြီး ညှော်စာရင်းစစ်တာရာမှာ သူက ညှော်စာရင်းမတိုင်မိလို့ ဆိုပြီး (သူက တနှစ်စာ နေထိုင်ခွင့်ပြုလုပ်ထားပါတယ်။) ဒါပေမယ့် တပတ်တခါ မတိုင်ဘူးဆိုပြီးတော့ ရဝတနဲ့ ထောက်လှမ်းရေးက ရဝတ ရုံးကိုခေါ်သွားပြီးတော့ အဲဒီမှာ ၉ ယောက်မိလာတာ ၇ ယောက်ကတော့ အဲဒီမှာပဲ ဖြေရှင်းပြီးတော့ လွှတ်လိုက်တယ်။ အဲဒီကောင်မလေးနဲ့ ကောင်လေးတယောက်ကိုတော့ ကောင်လေးကတော့ မသိဘူး။ ဒဂုံမြို့နယ်ကတဲ့။ တယောက်ထဲဆိုရင် ပြောစရာဖြစ်မှာစိုးလို့ ထင်ပါတယ်။ နှစ်ယောက်ကို တွဲလိုက်တာပေါ့"

ရန်ကုန်မြို့တွင် ညှော်စာရင်းစစ်ခြင်းများကို လွန်ခဲ့သည့် သီတင်းပတ်က ဆင်ခြေဖုံးမြို့နယ်များဖြစ်သည့် အင်းစိန်၊ သာကေတ၊ ဒေါပုံ၊ တောင်တံခွန်၊ ဥက္ကလာပ၊ သင်္ဃန်းကျွန်းတို့၌ စတင်ခဲ့ပြီး မဟာရန်ကုန်မြို့လယ်ပိုင်းကိုမူ ယခုသီတင်းပတ်၌ စတင်စစ်ဆေးနေကြောင်းသိရသည်။ ညှော်စာရင်းမတိုင်သူများကိုတွေ့လျှင် ငွေကျပ် ၅၀၀၀ မှ ၁ သောင်းအထိတောင်းယူနေပြီး ထောင်ချမှုများ မရှိသော်လည်း အဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ဝင် မသန်းသန်းစုဝင်းကိုမူ ပထမဦးဆုံးအကြိမ်အဖြစ် ထောင်ချခဲ့ကြောင်းသိရသည်။ ၂ ရက်ကြာ တရားရုံးတင်ပြီး မသန်း သန်းစုဝင်းကို ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း နော်အုန်းလှက ယခုလို ဆက်လက်ပြောဆိုသည်။

"ပထမ တရက်က ပြစ်ဒဏ်ချမယ်ဆိုပြီး မေးတော့ (တနှစ်စာ နေထိုင်ခွင့်ရပြီးသားမို့) အပြစ်မရှိပါဘူးလို့ ငြင်းဆိုလိုက်တယ်။ ပြီးတော့ သွားတိုင်တဲ့အခါ မိုးချုပ်နေပြီ။ ဒါကြောင့် ကိုယ့်ရဲ့လုံခြုံရေးအတွက်ပေါ့။ နောက်တရက်ကျတော့မှ သူ့ကို ဒီတိုင်းပြည်မှာနေတဲ့အတွက် ဒီ ဥပဒေကိုလေးစားပါသလားလို့ တရားသူကြီးကနေမေးတဲ့အခါ သူက ဥပဒေကိုလေးစားပါတယ်ဆိုတော့ လေးစားတယ်ဆိုရင် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ချတယ်ဆိုပြီး ချလိုက်ပါတယ်"

အစသို့

## ကဗျာဆရာ ကြည်တင်ဦး အင်းစိန် ထောင်ဆေးရုံ၌ ကုသနေရ

*၂၄ ၊ မတ် ၊ ၂၀၀၄ ခိုင်သဇင် (ဒီဗွီဘီ သတင်းထောက်၊ ထိုင်း)*

နအဖ ၏ နှစ်ရှည်မတရားထောင်ဒဏ်ချမှတ်ခံထားရသည့် ကဗျာဆရာ (ဦး) ကြည်တင်ဦး အင်းစိန်ထောင်ဆေးရုံ၌ ဆေးကုသမှု ခံယူနေရကြောင်း သိ ရသည်။

(ဦး) ကြည်တင်ဦးကို ၁၉၉၄ ခုနှစ်အစောပိုင်းတွင် စစ်ထောက်လှမ်းရေးကဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ရာ ယခုလ ၂၆ ရက်နေ့ဆိုလျှင် (ဦး) ကြည်တင်ဦး ထောင်တွင်း၌နေထိုင်ရသည်မှာ ၁၀ နှစ်တင်းတင်းပြည့်တော့မည်ဖြစ်သည်။ ပုံမှန်ဆိုလျှင် ဦးကြည်တင်ဦးကို ပြန်လွှတ်ပေးရတော့မည်ဖြစ်သည်။

သားဖြစ်သူ ကိုအောင်ကျော်ဟိန်း (ခေါ်) ကျော်ကျော်မှာလည်း ကလေးမြို့ထောင်တွင်း၌ ထောင်ဒဏ် ၁၄ နှစ် မတရားချမှတ်ခံထားရသည်။ ထို့ကြောင့် (ဦး) ကြည်တင်ဦး၏ ဇနီးဖြစ်သူမှာ ဗေဒင်ဟောသည့်အလုပ်ဖြင့် စီးပွားရှာပြီး အင်းစိန်နှင့်ကလေးထောင်များကို တလှည့်စီ ထောင်ဝင်စာသွားတွေ့နေရသည်။ ထို့ပြင် မိသားစု စားဝတ်နေရေးကိုလည်း ဖြေရှင်းနေရကြောင်းသိရသည်။ (ဦး) ကြည်တင်ဦး၏ လက်ရှိ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ဇနီးဖြစ်သူ ကဗျာဆရာမ မရီဝေကို ဆက်သွယ်မေးမြန်းရာ ယခုလို ပြောဆိုသည်။

"အခုတော့ အထဲကဆေးရုံမှာပါပဲ။ သွေးတိုး၊ နှလုံး၊ ဆီးချို။ တော်တော်ဆိုးတဲ့ အခြေအနေဆိုရင် အင်းစိန်အပြင်ဆေးရုံကို ထုတ်ပေးပါတယ်။ အပြင်ကိုထုတ်တာတော့ နှစ်ခါသုံးခါ ရှိပါပြီ။ အခုတော့ထောင်ထဲက ဆေးရုံမှာပဲ"

ခိုင်သဇင် — ဆရာ (ဦး) ကြည်တင်ဦးဟာ အရင်တုန်းကလည်း ထောင်တွေ ခဏခဏကျခဲ့ဖူးတယ်လို့ သိရပါတယ်။

ဒေါ်ရီဝေ — ၁၉၇၈ တုန်းက တခါ။ ၃ နှစ်ကြာတယ်။ အဲတုန်းကဆိုရင် နှစ်ရက် သုံးရက်ခြားတခါ စစ်ခုံရုံးမှာ တရားခံတွေထုတ်တဲ့အခါ အစိုးရသက်သေဆိုတဲ့လူတွေ ထွက်တိုင်းထွက်တိုင်း အမြဲတမ်း သွား သွားပို့တယ်။ အဲဒီတုန်းက တရက်ခြားနှစ်ရက်ခြားကိုပို့နိုင်ခဲ့တယ်။ အခုဟာကျတော့ ကိုယ်ကိုယ်တိုင်လည်း ကျန်းမာရေးက မကောင်းဘူးရှင့်။ ဒီ ၂ နှစ်အတွင်းမှာ တလ တခါ၊တခါတလေ တလခွဲလောက်ကြာတယ်။ကလေးတွေလည်း အိမ်ထောင်ကျတဲ့ သမီးနှစ်ယောက်တော့ ရှိတာပေါ့။ သားကြီးကလည်း ကလေးမြို့ထောင်မှာဆိုတော့ သားဆီသွားရင် ကျမလည်း နေထိုင်မကောင်းတော့ အဲဒီမှာပဲ ကြာနေတတ်တယ်။ စီးပွားရေးကလည်း တခြား ဘာမှတော့ မဟုတ်ဘူး။ ဗေဒင်ဟောတာလေ။ ရောက်တဲ့ကြုံတဲ့အခါ အဲဒီမှာ အလုပ်လုပ်ပြီးတော့ အဲဒါနဲ့ပဲပြန်ဖို့ လမ်းစရိတ်လေးနဲ့လုပ်နေရတာ။ ကလေးတွေသွားနိုင်တဲ့အခါ သွားလိုက်တာပေါ့လေ။ သိပ်အခြေအနေဆိုးတယ်ဆိုရင် ကျမ ကမန်းကတမ်း ပြန်ပြေးလာရတာ။

ခိုင် — ခင်ပွန်းသည်ဖြစ်သူကို အာဏာပိုင်တွေက မတရားဖမ်းဆီးဆီးထောင်ချခဲ့တဲ့အပေါ် ဇနီးသည်တယောက်အနေနဲ့ ဘယ်လိုခံစားရပါသလဲ။

ဒေါ်ရီဝေ — အနာရွတ်တွေ အထပ်ထပ်ဖုံးနေတော့ ကျမ နာကျည်းချက်တွေကများပြီပေါ့။ ဘာတတ်နိုင်မှာလဲ။ အဲဒါတွေကောင်းဖို့အတွက် ကိုယ်အတတ်နိုင်ဆုံးကူညီနိုင်ဖို့ပဲ ကျမ ကြိုးစားတယ်။ တယောက်ထဲမှ မဟုတ်တာလေ။ နှစ်ယောက်ဖြစ်နေတာကိုး။

ခိုင် — အစိုးရရဲ့လုပ်ရပ်နဲ့ ပတ်သက်လို့ရောဘယ်လိုမြင်ပါသလဲရှင့်။

ဒေါ်ရီဝေ — အပြစ်ပြောစရာ မရှိပါဘူးရှင့်။ ကျမ ကိုယ်တိုင်လည်း ချိုတယ်ခါးတယ်ဆိုတာကို နားလည်နေလို့လေ။

ခိုင် — သားသမီးတွေကရော ဖခင်အပေါ်ဘယ်လိုအမြင်ရှိပါသလဲ။

ဒေါ်ရီဝေ — သူတို့ကတော့ စိတ်မကောင်းတာကလွဲရင် သူတို့ သိပ် မတတ်နိုင်ကြပါဘူး။ သူတို့ဘဝနဲ့ သူတို့ ရုန်းနေကြရတာပါပဲ။

ခိုင် — ဆရာ့ရဲ့လွတ်မြောက်မှုနဲ့ ပတ်သက်လို့ရော အာဏာပိုင်တွေဆီကို အန်တီတို့က တစုံတရာတောင်းဆိုခဲ့တာများ ရှိခဲ့ပါသလား။

ဒေါ်ရီဝေ — ဟိုးတုန်းကတည်းက အစဉ်အလာတော့ မရှိဘူးရှင့်။ အတွင်းကလူရော အပြင်ကလူရော ဘယ်သူကမှ အသနားခံစာ မတင်ခဲ့ဖူးဘူး။ ကိုယ့်ဟာကိုယ် မှန်တယ်ထင်လို့ လုပ်တဲ့ကိစ္စတွေမှာ ဘယ်တော့မှ နောင်တ မရတတ်ပါဘူး။

ခိုင် — ဆရာ ထောင်ကျတာကလည်း ဒီလထဲမှာ ထောင်သက်ပြည့်ပြီလို့ကြားတယ်။ ဆရာ့လွတ်မြောက်မှုနဲ့ ပတ်သက်လို့ရော ဘယ်လိုမျှော်လင့်ထားပါသလဲရှင်။

ဒေါ်ရီဝေ — ဒီ မတ်လဆိုရင် ၁၀ နှစ်ကတော့ ပြည့်ပြီရှင့်။ သူများတွေ ၇ နှစ်တို့ဘာတို့ ဆိုရင် ပြန်လွတ်လာကြပြီလေ။ ကိုအောင်ဇင်မင်းတို့၊ တင်ငြိမ်းဦးတို့၊ ကိုချိုဆိမ့်တို့။ သူ့ကိုတော့ ခုထိ ဘာမှသေသေချာချာမကြားသေးဘူး။ ၂၆ ရက်နေ့ မနက်ကို စောစောလာစောင့်ကြည့်ပါလို့တော့ ပြောတယ်။ သူက ပြောလိုက်တာပါရှင့်။ သူကိုယ်တိုင် မျှော်လင့်ထားသလားတော့ မသိဘူး။ ကျမကတော့ ရောက်မှပဲရောက်တယ်လို့ အောက်မေ့တော့မှာ။ ဘာလို့လဲဆိုတော့ သိပ် မယုံကြည်ဘူး။ ယုံကြည်စရာ ဘာမှမှ မရှိပဲ။ အစသို့

## ကလေးထောင်ရှိ နိုင်ငံရေးအကျဉ်းသား ကိုအောင်ကျော်ဟိန်း၏မိခင် ကဗျာဆရာမ မရီဝေနှင့် ဆက်သွယ်မေးမြန်းချက် ဒုတိယပိုင်း

*၂၅ ၊ မတ် ၊ ၂၀၀၄ ခိုင်သဇင် (ဒီဗွီဘီ သတင်းထောက်၊ ထိုင်း)*

နအဖ ၏ မတရား နှစ်ရှည်ထောင်ချခံထားရသူများဖြစ်သည့် ကဗျာဆရာ ကြည်တင်ဦးနှင့် သားဖြစ်သူ ကိုအောင်ကျော်ဟိန်းတို့အကြောင်း (ဦး)ကြည်တင်ဦး၏ဇနီး ကဗျာဆရာမ မရီဝေနှင့် ဆက်သွယ်မေးမြန်းချက် ဒုတိယယပိုင်းကို ဆက်လက်ဖော်ပြခြင်းဖြစ်သည်။ ကလေးထောင်မှာ ဖမ်းဆီးခံထားရသည့် သားဖြစ်သူ ကိုအောင်ကျော်ဟိန်းအကြောင်း ကဗျာဆရာမ မရီဝေက ပြောဆိုထားခြင်းဖြစ်သည်။

ခိုင်သဇင် — အန်တီရဲ့သား ကိုအောင်ကျော်ဟိန်း လို့ခေါ်တဲ့ ကိုကျော်ဇောကလည်း ကလေးမြို့အကျဉ်းထောင်ထဲမှာ ကျနေတယ်လို့ကြားရပါတယ်။

ဒေါ်ရီဝေ — ၁၉၉၁ နှစ်ကပါ။ အဲဒီတုန်းကသူ့အသက် ၁၆ နှစ်ကျော်ကျော်လောက်ပဲ ရှိဦးမယ်။ နဝရတ်ဟိုတယ်ရှေ့မှာ ဘုန်းကြီးကျောင်းကြီးရှိတယ်။ အဲဒီရှေ့မှာ ‘ငြိမ်းချမ်းရေးမဏ္ဍပ်’ဆိုပြီး သူငယ်ချင်းတွေနဲ့အတူ အတာအိုးလေးတွေ၊ သပြေခက်လေးတွေနဲ့ ရေပက်ကစားကြတယ်ပေ့ါ။ အဲဒီ ‘ငြိမ်းချမ်းရေးမဏ္ဍပ်’ဆိုတဲ့ဆိုင်းဘုတ်ကို ဖြုတ်ပေးပါလို့ အာဏာပိုင်တွေကပြောတယ်။ ဖြုတ် မပေးနိုင်ဘူးလို့ပြောတယ်ထင်ပါရဲ့။ အဲဒါနဲ့ ၃ နှစ် ကျသွားတယ်။ ပြီးခဲ့တဲ့ ၁၉၉၈ ခု ၁ လပိုင်းမှာ ဆက်အောင်နိုင်တို့နဲ့အမှုတွဲလေ။ အဲဒါလည်း ၅ (ည)၊ ၁၇ (၁) လို့ တပ်တယ်။ ၁၄ နှစ်တဲ့။

ခိုင်သဇင် — အခုလို ပညာတပိုင်းတစနဲ့ အသက်ကလည်း ငယ်သေးတဲ့ သားတယောက်ကိုအာဏာပိုင်တွေက မတရား နှစ်ရှည်ထောင်ဒဏ်ချမှတ်လိုက်တာဆိုတော့ မိခင်တယောက်အနေနဲ့ ဘယ်လိုခံစားခဲ့ရပါသလဲရှင့်။

ဒေါ်ရီဝေ — အဲဒီခံစားချက်ကတော့ ဖအေထက် ဆိုးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၆ နှစ်မှာကတည်းက အကြိမ်ကြိမ် ဖြစ်နေတော့တာကိုး။ ဒီကောင်လေးက ၈ တန်းက စပြီးတော့ အဲလိုဖြစ်တာဆိုတော့ ပထမ ၃ နှစ်တခါ လွတ်လာပြီးတဲ့နောက်မှာ စာမေးပွဲပြန်ဖြေတော့ ၉ တန်း အောင်သွားပါတယ်။ အောင်ပြီး ဘယ်လိုမှဘာမှ ဆက်လုပ်လို့မရသေးခင်မှာပဲ ခုတခါ ၁၄ နှစ် ဖြစ်တဲ့အခါကျတော့ သား ဘဝတော့ ထက်ပိုင်းကျိုးပြီဆိုပြီး ကျမ ရင်ထုမနာဖြစ်မိပါတယ်ရှင့်။ ဒါပေမယ့် ကျမသား သေသွားတာ မဟုတ်ဘူး ဆိုတာကို နားလည်တယ်လေ။ မကောင်းတာလုပ်တာ မဟုတ်ဘူးဆိုတာကိုလည်း လက်ခံတဲ့အတွက်ကြောင့် ကျမသားကို ကျမ ဘယ်လိုမှ ပစ်မထားနိုင်ပါဘူး။

ခိုင်သဇင် — အခု သားရဲ့ အခြေအနေကရော ဘယ်လိုရှိပါသလဲရှင်။

ဒေါ်ရီဝေ — အခု ကလေးထောင်မှာပဲ။ လောလောဆယ်တော့ သူတို့ တိုက်ခန်းကျဉ်းလေးထဲမှာနေနေကြရတာပေ့ါ။ စိတ်ဓာတ်ကျတဲ့ပုံစံတော့ မတွေ့ပါဘူး။ ကျန်းကျန်းမာမာပဲရှိပါတယ်။ ရောက်ခါစတုန်းကတော့ ငှက်ဖျားတို့၊ ဝမ်းကိုက်တို့နဲ့ ကလေးမြို့ ဆေးရုံကို နှစ်ခါလောက် တက်ရသေးတယ်။

ခိုင်သဇင် — ထောင်ဝင်စာတွေ့ဖို့ အတွက်ရော၊ မိသားစုစားဝတ်နေရေးအတွက်ပါ ဘယ်လိုရုန်းကန်ဖြေရှင်းခဲ့ရလဲဆိုတာ ပြောပြပေးလို့ ရမလားရှင်။

ဒေါ်ရီဝေ — ၈၈ က စတော့တာပါပဲ။ သားကတလှည့်၊ အဖေက တလှည့်နဲ့လေ။ ကိုယ့်ကိုယ်ကို နေမကောင်းတာလည်း ဂရုကိုမစိုက်နိုင်ဘူး။ သူငယ်ချင်းမိတ်ဆွေဆရာဝန်တွေ ကုတာတောင်မှ သူတို့ကတောင် စိတ်ပျက်တယ်။ ကျမ အကုမခံနိုင်ဘူး။ ကိုယ့်အလုပ်နဲ့ကိုယ် နားနေခွင့်တောင် မပေးနိုင်တာပါ။ ဆရာဝန်က နားနေမှဖြစ်မယ်ဆိုပြီးတော့ အိပ်ပျော်ပြီးနေရမယ့်ဆေးမျိုးပေးရင် ကျမအဲဒီဆေးကို လုံးဝမသောက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အိပ်ပျော်နေလို့ အလုပ်လုပ်ခွင့် မရှိဘူးဆိုရင် ကျမကလေးတွေရော၊ အထဲကလူတွေပါ ဒုက္ခတွေရောက်ကုန်မှာလေ။ အဲဒါကို ကျမပဲသိတာ။ ဘယ်သူ့ကိုမှ အားကိုးလို့ရတဲ့အနေအထားမှာမရှိဘူးလေ။ ဘယ်သူ့ကိုမှလည်း အားကိုးဖို့မလိုဘူး။ ကိုယ်ကိုယ်တိုင်ပဲ ရုန်းရမှာပဲဆိုပြီး နေမကောင်းခွင့်လည်း မပေးနိုင်ဘူး။

ခိုင်သဇင် — အန်တီလိုပဲ သား (ဒါမှမဟုတ်) ခင်ပွန်းသည် ထောင်ကျနေတဲ့ ဘဝတူမိသားစုတွေကို အန်တီ ဘာများပြောချင်မလဲ။

ဒေါ်ရီဝေ — ကြံ့ကြံ့ခံရပ်တည်ပြီးတော့ ဆက်လက်ပြီး သည်ဆောင်သွားကြပါဦးလို့ပဲ ပြောချင်ပါတယ်။

နအဖအကျဉ်းထောင်များထဲတွင် နိုင်ငံရေးအကျဉ်းသား ၁၃၀၀ ကျော် ဖမ်းဆီးခံထားရဆဲဖြစ်ကြောင်းလည်း သိရသည်။ အစသို့

## ကဗျာဆရာ ကြည်တင်ဦး အင်းစိန်ထောင်မှ ပြန်လည်လွတ်မြောက်

*၂၇ ၊ မတ် ၊ ၂၀၀၄ ခိုင်သဇင် (ဒီဗွီဘီ သတင်းထောက်၊ ထိုင်း)*

နှစ်ရှည် မတရားထောင်ချခံထားရသည့် ကဗျာဆရာ ကြည်တင်ဦးကို မနေ့က ညနေပိုင်း၌ အင်းစိန်ထောင်မှ ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။ ၁၀ နှစ်ကျော် ထောင်ထဲ၌ နေခဲ့ရသည့် ကဗျာဆရာ ကြည်တင်ဦးကို ဒီဗွီဘီမှ ဆက်သွယ်မေးမြန်းထားရာ ထိုအထဲမှ အချို့ကို ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။

"လွှတ်မြောက်မှုကတော့ ကျနော်တို့ပြောလည်း အချည်းအနှီးပဲနေမှာပဲ။ ကျနော့်သားမျက်နှာကိုတွေ့ချင်လို့ သွားဖို့ ကျနော့်ကျန်းမာရေး ကောင်းအောင် လောလောဆယ် ကြိုးစားချင်တယ်။ သူ့ဆီကို သွားချင်တယ်။ ကျနော်တို့ ကွဲသွားတာ ၆ နှစ်ရှိပြီ။ သာယာဝတီထောင်ကို ကျနော် တနှစ်ရောက်သွားတဲ့အချိန်မှာ သူ အဖမ်းခံလိုက်ရတာပဲ။ ကျနော်သာယာဝတီထောင်မှာ တနှစ်နေပြီး ပြန်ရောက်လာတဲ့အချိန်မှာ သူက ကလေးထောင်ရောက်သွားပြီ။ ကျနော်တို့ မဆုံရပါဘူး။ ကျနော်တို့အားလုံး အထဲမှာ ဒုက္ခခံစားနေရတဲ့ဟာတွေကို မျက်လုံးနဲ့မြင်ထားရတဲ့အတွက် ဖြစ်နိုင်ရင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြစ်စေချင်တဲ့ဆန္ဒ အင်မတန်ရှိပါတယ်။ ထွက်လာတဲ့အခါမှာ ပျော်ရမယ့်အစား ကျနော်ဝမ်းနည်းကြေကွဲမိတယ်။ အပြင်ရောက်တော့လည်း မိသားစုရဲ့ ဝမ်းနည်းကြေကွဲစရာတွေ ကျနော်တွေ့ရတယ်။ ကျနော်တယောက်ထဲ မဟုတ်ပါဘူး။ ကျနော့်မိသားစုလိုပဲ သူတို့ ခံစားဒုက္ခရောက်နေတယ်ဆိုတာ ကျနော်သိနေရပါတယ်။ အထဲမှာနေတုန်းကလည်း သိရပါတယ်။ အပြင်မှာလည်းသိရပါတယ်။ဒါတောင်မှ ကျနော် ကျယ်ကျယ်ပြန့်ပြန့် အပြင်ကိုမထွက်သေးပါဘူး။ အိမ်ထဲမှာပဲနေပါတယ်။ ကိုယ်တယောက်ထဲအတွက် ဝိုတာတော့မဟုတ်ပါဘူး။ အကုန်လုံးဟာ ဒဏ်ရာအနာတရတွေနဲ့ ကြေကွဲစရာတွေ ဖြစ်နေကြပါတယ်" အစသို့

## သာယာဝတီထောင်တွင်းရှိ ပေါက်ခေါင်းအဖွဲ့ချုပ် ဥက္ကဌ ဦးစောနေဒွန်း ကျန်းမာရေးဆိုးရွား

*၂၇၊ မတ်၊ ၂၀၀၄*

ယနေ့ကျရောက်သည့် ဖက်ဆစ်တော်လှန်ရေးနေ့တွင် အသက် ၈၁ နှစ်တင်းတင်း ပြည့်နေပြီဖြစ်သည့် သာယာဝတီထောင်တွင်း၌ အကျဉ်းကျခံနေရသူ ဦးစောနေဒွန်း၏ ကျန်းမာရေးအခြေအနေလည်းဆိုးရွားနေကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဌ ဦးစောနေဒွန်းသည် နှလုံးနှင့်သွေးတိုးဝေဒနာ ခံစားနေရသည်။ ပြီးခဲ့သည့်သီတင်းအပတ်ထဲ၌ ဇနီးဖြစ်သူ ဒေါက်တာဒေါ်သန်းခင်၏ ဈာပနအခမ်းအနားကို လိုက်ပါပို့ဆောင်ခွင့်ရအောင် အာဏာပိုင်တို့က ခွင့်ပြုခဲ့သည်။ဈာပနအခမ်းအနားတွင် ဦးစောနေဒွန်းနှင့် တွေ့ခွင့်ရသူများအဆိုအရ စိတ်ပိုင်းဆိုင်ရာ ခိုင်မာတောင့်တင်းသော်လည်း ရုပ်ပိုင်းဆိုင်ရာမှာ အလွန်ကျဆင်းနေပြီဟုသိရသည်။ ဦးစောနေဒွန်းကို ၁၉၉၁ ခုနှစ်က ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့သည်။ ယခုဆိုလျှင် ဦးစောနေဒွန်း ထောင်တွင်း၌ မတရားဖမ်းဆီးခံနေရသည်မှာ ၁၃ နှစ်ကျော်နေပြီဖြစ်သည်။ အစသို့

## ရဲဘော်ဖုန်းမော် နှစ်ပတ်လည်နေ့၌ ပင်နီတိုက်ပုံဝတ်သဖြင့် ဒဂုံတက္ကသိုလ်ကျောင်းသား ၅ ဦး အာဏာပိုင်တို့ဖမ်းဆီးခံရ

*၂၇၊ မတ်၊ ၂၀၀၄*

ယခုလ ၁၃ ရက်နေ့က ကျရောက်သည့် ရဲဘော်ဖုန်းမော် နှစ်ပတ်လည်နေ့၌ ပင်နီတိုက်ပုံဝတ်၍ဟု ဆိုပြီး ဒဂုံတက္ကသိုလ်က ကျောင်းသား ၅ ဦးကို အာဏာပိုင်တို့က ဖမ်းဆီးထားကြောင်း သိရသည်။ ဖမ်းဆီးခံရသူ ကျောင်းသားများမှာ လှိုင်မြို့နယ် ၃ ရပ်ကွက်၌နေထိုင်သည့် ရူပဗေဒအထူးပြု ဘာသာရပ်က ကိုကျော်ဇေယျနှင့် အခြားကျောင်းသား ၄ ဦးတို့ဖြစ်သည်။ လတ်တလော၌ ၎င်းတို့ကို အင်းစိန်ထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားပြီး ကျောင်းဝင်းအတွင်း မူးယစ်ရမ်းကားမှုနှင့် အမှုဖွင့်ထားကြောင်း ဒဂုံတက္ကသိုလ်ကျောင်းသားများထံမှတဆင့် စုံစမ်းသိရှိရသည်။ အစသို့

## ဖမ်းဆီးခံထားရသည့် သံဃာတော်အပါး ၁၀၀ ကျော်ထဲမှ ၂၆ ပါး ထောင်ဒဏ် ၁၈ နှစ်ချမှတ်ခံရ

*၂၈၊ မတ်၊ ၂၀၀၄*

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ဖမ်းဆီးခံခဲ့ရသည့် ရန်ကုန် ဂန္ဓာရုံကျောင်းတိုက်က သံဃာတော်အပါး ၁၀၀ ကျော်ထဲမှ ၂၆ ပါးကို ထောင်ဒဏ် ၁၈ နှစ်အထိ ချမှတ်လိုက်ကြောင်း သိရသည်။ အင်းစိန်အကျဉ်းထောင် တရားရုံးမှ ဖေဖော်ဝါရီလဆန်းထဲက ယခုလိုအပြစ်ပေးလိုက်ခြင်းဖြစ်ပြီး သံဃာတော်များ၏ မိသားစုဝင်တို့ကိုမူ ယခုမှ အသိပေးအကြောင်းကြားခဲ့သည်ဟု ရန်ကုန်ရှိ ရှေ့နေအသိုင်းအဝိုင်းက ဒီဗွီဘီကို ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ကထိန်ရာသီအတွင်း နအဖ ဗိုလ်ချုပ်ကြီးများလှူဒါန်းသည့်ပစ္စည်းတို့ကို လက်ခံရန် ငြင်းပယ်ခဲ့၍ အဆိုပါသံဃာတော်များ အဖမ်းခံခဲ့ရခြင်းဖြစ်ပြီး အခြားသံဃာတော်အများအပြားကိုလည်း ကျောင်းထုတ်ပစ်ခဲ့သည်။ ယခု ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံရသည့် သံဃာတော်များထဲတွင် ကိုရင်ငယ် ၂၅ ပါးနှင့် ဦးပဉ္စင်း ၁ ပါး ပါဝင်ပြီး ခေါင်းဆောင် ဦးပဉ္စင်းဘွဲ့အမည်မှာ ဦးစန္ဒာဇောတိ ဖြစ်ကြောင်း သိရသည်။ အဆိုပါ သံဃာအများစုသည် ကျေးလက်ဒေသမှ ရန်ကုန်သို့ကြွလာပြီး စာပေသင်ကြားနေသည့် ကိုရင်ငယ်များဖြစ်သည်။ ၂၅ ပါးထဲမှ အချို့ကို သာယာဝတီထောင်သို့ ပြောင်းရွှေ့လိုက်ပြီး အင်းစိန်ထောင်၌ကျန်ရှိနေသည့် သံဃာတော်အချို့ကို ယခုရက်ပိုင်းအတွင်း မိသားစုနှင့် ထောင်ဝင်စာ ပေးတွေ့ခဲ့သည်ဟုသိရသည်။

သံဃာတော်များကို ယခုလို နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်သည့်အချိန်သည် ယခုလောလောဆယ်ပြုလုပ်နေသည့် သံဃာ့စာမေးပွဲနှင့် တိုက်ဆိုင်နေ၍ ရဟန်းသံဃာများအကြား မကျေမလည်ပြောဆိုမှုတို့ တိုးပွားနေကြောင်းသိရသည်။ အမည်မဖော်လိုသည့် မကွေးတိုင်းအတွင်းက ကျောင်းထိုင်ဆရာတော်တပါးက ထိုဖြစ်စဉ်အပေါ် ယခုလို ထင်မြင်ချက်ပေးခဲ့သည်။

"နိုင်ငံရေး မတည်ငြိမ်သရွေ့ကာလပတ်လုံး ဒါတွေကတော့ ဖြစ်ပေါ်နေမှာပဲ။ ပြုပြင်ပြောင်းလဲမှုမရှိသရွေ့ ကာလပတ်လုံးက ပဋိပက္ခတွေကတော့ ဘုန်းကြီးနဲ့ ဖြစ်နိုင်တယ်၊ကျောင်းသားနဲ့ဖြစ်နိုင်တယ်။ ဒီ သံဃာတော်တွေကလည်းလူထဲက လူတွေပဲဖြစ်နေတော့ ကျွန်းကိုင်းမှီ–ကိုင်းကျွန်းမှီဆိုတာ ရှိနေတာကိုး။ ဒကာ ဒကာမတွေကလည်း သံဃာတော်တွေကို ကိုးကွယ်ဆည်းကပ်နေကြသလို၊ ဒီ သံဃာတော်တွေကလည်း ဒီ ဒကာဒကာမတွေကို

အမှီသဟဲပြုပြီးတော့မှ သာသနာပြုနိုင်ရေးအတွက်က ရပ်တည်နေနိုင်တာကိုး။ ဒီ နိုင်ငံရေးတွေက သံဃာတော်တွေကိုယ်တိုင်ကို ခံစားနေရတဲ့အခါကျတော့ ဘုန်းကြီးနဲ့ နိုင်ငံရေးနဲ့ ကင်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်တော့ဘူး။ အမြဲတမ်း ဆက်နွှယ်နေမှာပဲ”

ဖမ်းဆီးခံ သံဃာများလွတ်မြောက်လာအောင်ဆောင်ရွက်ပေးနိုင်သည့် သံဃာ့အဖွဲ့အစည်းများ ရှိမရှိ မေးမြန်းရာ ဆရာတော်က ယခုလို ရှင်းပြခဲ့သည်။

“အဲဒါကတော့ ဘယ်အဖွဲ့မှ မရှိဘူး။ ကိုယ်ဖြစ်ကိုယ်ခံ ဆိုတဲ့သဘောပဲ။ NLD တို့မှာတော့ သူတို့အဖွဲ့အစည်းနဲ့ သူတို့ရှေ့နေတွေနဲ့ လိုက်ပေးတာမျိုး ရှိသေးတယ်။ ကျုပ်တို့ ဘုန်းကြီးတွေမှာတော့ ဘယ်သူမှ လိုက်ပေးမယ့်သူလည်း မရှိဘူး။ လိုက်လို့လည်းမရဘူးလို့ပြောတယ်။ လိုက်ဖို့ နေနေသာသာ အတွေ့တောင်မခံဘူး။ ကျုပ်နဲ့အနီးစပ်ဆုံး ဆရာတော်တပါးရှိတယ်။ သူ့ကျောင်းက ကိုရင်နှစ်ပါး သင်္ကန်းကျွန်းဂယက်မှာ အဖမ်းခံထားရတာရှိတယ်။ သူလည်းတနေ့က ရန်ကုန်ကိုသွားပြီး အခြေအနေစုံစမ်းတာ။ လုံးဝကပ်လို့မရဘူးတဲ့။ စုံစမ်းလို့လည်း မရဘူးတဲ့။ အဲလိုဆိုတော့ မလွယ်ဘူးလေ”

ထိုကိစ္စအပေါ် အဖွဲ့ချုပ် ဥပဒေ အထောက်အကူပြုအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေ ရှိ မရှိ ဥပဒေအထောက်အကူပြု အဖွဲ့ဝင်တဦးဖြစ်သူ ဦးဉာဏ်ဝင်းကို မေးမြန်းရာ၌ ယခုလိုရှင်းပြခဲ့သည်။

“ကျနော်တို့ EC နဲ့ဆက်သွယ်တယ်ဆိုရင် သီလရှင်နှစ်ပါးကိစ္စ ဆောင်ရွက်ပေးတာက EC က တာဝန်ပေးလို့ သွားလုပ်တာ။ အဲလို သူတို့က ဆက်သွယ်လို့ EC က တာဝန်ပေးတယ်ဆိုရင်လည်း ကျနော်တို့ သင့်တော်မယ့်လူနဲ့ သွားလုပ်မှာပဲ။ နောက်ပြီး ဒီ ဥစ္စာတွေက ဖြစ်ပြီးမှချည်းပဲ ကြားရတာ။ Open door တွေမှ မဟုတ်ပဲ။ Open door တွေ မဟုတ်တော့ သိဖို့တောင် သိပ် မလွယ်ဘူး။ နောက်မှ သတင်းက ထွက်တာ။ အနိမ့်ဆုံးအားဖြင့် တရားစီရင်ရေးတွေဟာ အများပြည်သူလူထုရှေ့မှာ စီရင်ဖို့လိုတယ်။ အခုသူတို့က အကျဉ်းထောင်ဝင်းထဲမှာ သီးခြားရုံးမှာစစ်တယ်။ အဲဒါကို အများပြည်သူရှေ့လို့ ပြောတယ်။ မဟုတ်ဘူး။ ဘယ်သူမှ ဝင်လို့မရပဲ။ ပထမ အရေးအကြီးဆုံးက အဲဒါပဲ။ အခု အဲဒါကို မရဘူးဖြစ်နေတယ်”

ယခု နောက်ဆုံးရရှိသည့်သတင်းများအရ ပြည်နယ်တိုင်းအသီးသီးရှိ ထင်ရှားသည့် ကျောင်းထိုင်ဆရာတော်များကို အသေးစိတ်စာရင်းပြုစုပြီး သာသနာရေးဦးစီးဌာနသို့ အမြန်ဆုံး စာရင်းတင်ပေးရမည်ဟု ရန်ကုန်ရုံးချုပ်မှ ညွှန်ကြားလိုက်ကြောင်းသိရသည်။ ဆရာတော်၏ ဘွဲ့အမည်၊ သက်တော်၊ ဝါတော်၊ ကျောင်းထိုင်သက်တမ်း၊ ရပ်ရွာက ကြည်ညိုလေးစားမှုအခြေအနေ ပြည်သူများလေးစားရခြင်းအကြောင်းအပါအဝင် အဆိုပါ ဆရာတော်သည် ဒေသခံအာဏာပိုင်များနှင့် ရင်းနှီးမှုရှိမရှိ သို့မဟုတ် အတိုက်အခံနိုင်ငံရေးသမားများနှင့် ရင်းနှီးမှုရှိမရှိလက်ရှိနိုင်ငံရေးအပေါ် မည်သို့သဘောထားသည် စသည့်အချက်အလက်များကိုတင်ပြရမည်ဟု ညွှန်ကြားချက်၌ ဖော်ပြထားကြောင်းလည်း စုံစမ်းသိရှိရသည်။ အစသို့

## ပြန်လည်လွတ်မြောက်လာသော ကဗျာဆရာ ကြည်တင်ဦးနှင့် ဒီဗွီဘီ သတင်းထောက်တို့ ဆက်သွယ်မေးမြန်းချက်

*၂၉ ၊ မတ် ၊ ၂၀၀၄ ခိုင်သဇင် (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

နအဖ ၏ မတရားဖမ်းဆီးမှုကြောင့် ထောင်ထဲ၌ ၁၀ နှစ်ကျော် နေထိုင်ခဲ့ရသည့် ကဗျာဆရာကြည်တင်ဦး ပြီးခဲ့သည့် သောကြာနေ့၊ ယခုလ ၂၆ ရက် နေ့က ပြန်လည်လွတ်မြောက်လာခဲ့သည်။ ပြန်လည်လွတ်မြောက်လာသည့်နေ့မှာပင် ဒီဗွီဘီ က ဆက်သွယ်မေးမြန်းခွင့် ရရှိခဲ့ ရာ အဆိုပါမေးမြန်းချက်များကို ဖော်ပြလိုက်ရပေသည်။

ခိုင်သဇင် — ဆရာ အခုလိုလွတ်မြောက်လာဖို့အတွက် အာဏာပိုင်တွေက လက်မှတ်တွေထိုးခိုင်းတာမျိုးရော ရှိပါသလား။

ကြည်တင်ဦး — ကျနော့်ကို အဲဒီကိစ္စ သူတို့နှစ်ကြိမ်ဆွေးနွေးပါတယ်။ နှစ်ကြိမ်လုံး ကျနော်မလုပ်ဖြစ်ခဲ့ပါဘူး။ ကျနော် ပျော့ပျော့ပျောင်းပျောင်းနဲ့ ရှောင်တိမ်းလာပါတယ်။ ကျနော့်မှာ နှလုံးရောဂါ ပြင်းထန်စွာ ရှိတဲ့အတွက် အဲဒါလုပ်ပြီးထွက်ရင် ထွက်ပြီး သေမှာပဲလို့ ပြောခဲ့ပါတယ်။

ခိုင်သဇင် — ဆရာ့ရဲ့ ကျန်းမာရေးအခြေအနေက အခု ဘယ်လိုရှိပါသလဲ။

ကြည်တင်ဦး — ကျန်းမာရေးကတော့ နှလုံး၊ သွေးတိုး၊ ဆီးချို။ ဆီးချိုက သိပ်ပြင်းထန်တယ်။ ခြေမတချောင်းဖြတ်ရမယ်လို့ ပါရဂူတွေကပြောတယ်။ အခု အပြင်ရောက်လာတဲ့အချိန်မှာတော့ ကျန်းမာရေးအတွက်၊ ရပ်တည်ရေးအတွက် စဉ်းစားတုန်းပေါ့လေ။ အရင်လိုလည်း လွယ်အိတ်တလုံးနဲ့သွားလို့ မရတော့ဘူးလေ။

ခိုင်သဇင် — ဆေးရုံ ခဏခဏတက်ခဲ့ရတယ်လို့ သိရပါတယ်။

ကြည်တင်ဦး — ဆေးရုံတက်သက်က တော်တော်များပါတယ်။ ကျနော့်ကို နာတာရှည်လူနာတယောက်အနေနဲ့လည်း သူတို့ သဘောထားပြီး ထားပါတယ်။ ICRC ကလည်း အမြဲတမ်းဆေးရုံမှာ ထားဖို့ ပြောခဲ့ပါတယ်။

ခိုင်သဇင် — ဆရာ ခုထက်ထိ ထောင်ကျခဲ့တာ ၄ ကြိမ်ရှိပြီပေါ့။

ကြည်တင်ဦး — တိတိကျကျ ဆိုရင်တော့ ၆၂ ကိစ္စက ၆၅ ကနေ ၇၀ မှာပြန်လွတ်တယ်။ နောက်တကြိမ်က ၇၈ ကနေ ၈၀ ‘လွတ်ငြိမ်း’မှာလွတ်တယ်။ နောက်တကြိမ် ၉၀ ခုနှစ်မှာ တခါခေါ်ပြီး ရက်ပိုင်း တလနီးပါးခေါ်မေးတယ်။ အခု ၉၄ မတ်လ ၁ ရက်နေ့မှာ အခုလွတ်တဲ့အချိန်ထိပေါ့။ အဲဒါပါ။ ကျနော်ကတော့ အဓိက ကဗျာဆရာ တယောက်အနေနဲ့ ရပ်တည်တာပါ။ ဒါပေမယ့် ဗမာပြည်ကဗျာဆရာဆိုတာကတော့ မကင်းဘူးပေါ့။ Political case ပါပဲ။

ခိုင်သဇင် — ဆရာ့ကို အာဏာပိုင်တွေက ဖမ်းဆီးစဉ်မှာ ဘယ်လို စစ်ဆေးမေးမြန်းမှုတွေ လုပ်ခဲ့တယ်ဆိုတာကိုရော ပြောပြလို့ရမလားရှင်။

ကြည်တင်ဦး — ဒါတွေကတော့ နောက်မှအေးအေးဆေးဆေး ပြောချင်တယ်။ အပြင် သိပ်မပြောချင်သေးဘူး။ တော်တော်များများ သိကြတဲ့ ကိစ္စလည်းဖြစ်ပါတယ်။ ကျနော် ဒီတကြိမ် ပြင်းပြင်းထန်ထန် သေမလောက် ခံစားခဲ့ရပါတယ်။ ဒါလည်းသိကြပါတယ်။

ခိုင်သဇင် — ဆရာ ထောင်ထဲမှာနေထိုင်စဉ်တွေ့ကြုံခံစားခဲ့ရတာတွေရော။

ကြည်တင်ဦး — (ရယ်သွမ်းသွေးလျက်) အဲဒါအင်မတန်ရှည်လျားတဲ့ကိစ္စဖြစ်ပါတယ်။ နည်းနည်း Short to the point ပေါ့လေ။ ထောင်ကတော့ အားလုံးကြားတဲ့အတိုင်း ထောင်အတိုင်းပဲပေါ့။ ကျနော်တို့ ၅ (ည) တွေကို ၅ (ည) တွေသဘာဝနဲ့ ထားတယ်ပေါ့။ အဦးဆုံး Cell မှာ ထားတယ်။ ကျန်းမာရေးမကောင်းရင် ဆေးရုံပို့တယ်။ ဒါပဲ။ ကျနော်တို့က Cell နဲ့ ဆေးရုံပေါ့။ အမှန်မှာတော့ အညွှန့်တုံးအောင်ထားတဲ့ သဘောပေါ့ဗျာ။ ဒါပေမယ့် အညွှန့်မတုံးအောင် စာဖတ်ချိန်လေးရတဲ့အခါ စာဖတ်။ ကျန်ခဲ့တဲ့နှစ်လောက်ကနေ အခုလွတ်တဲ့အထိ စာရွက်စာတမ်း၊ ဂျာနယ်လေး၊ သတင်းစာလေး ဖတ်ရပါတယ်။ တီဗွီကတော့ ၃ လပဲ ကြည့်ရပြီးတော့ ဆေးရုံမှာ ပြန်သိမ်းသွားပါတယ်။

ခိုင်သဇင် — ဆရာ့ကို အာဏာပိုင်တွေက မတရားဖမ်းဆီးခဲ့တဲ့အပေါ် ဘယ်လိုမျိုး ခံစားခဲ့ရပါသလဲ။

ကြည်တင်ဦး —(ရယ်သွမ်းသွေးလျက်) အဲဒါကတော့ အားလုံးခံစားချက်နဲ့ တူပါလိမ့်မယ်။

ခိုင်သဇင် — ဆရာ ၁၀ နှစ်ကျော် ထောင်ထဲမှာ နေခဲ့ရတယ်ဆိုတော့ အခုလို အပြင်ကို ရောက်လာတဲ့အချိန်မှာ ဝမ်းနည်းမှု၊ ဝမ်းသာမှုကို ဘယ်လိုမျိုးခံစားခဲ့ရပါသလဲ။

ကြည်တင်ဦး — ထွက်လာတဲ့အခါမှာ ပျော်ရမယ့်အစား ဝမ်းနည်းကြေကွဲမိတယ်။ အပြင်ရောက်တော့လည်း မိသားစုရဲ့ ဝမ်းနည်းကြေကွဲစရာတွေ တွေ့ရတယ်။ ကျနော်တယောက်ထဲ မဟုတ်ပါဘူး။ ကျနော့်မိသားစုလိုပဲ သူတို့ ခံစားဒုက္ခရောက်နေတယ်ဆိုတာ ကျနော် သိနေရပါတယ်။ အထဲမှာနေတုန်းကလည်း သိရပါတယ်။ အပြင်မှာလည်း သိရပါတယ်။ ဒါတောင်မှ ကျနော်ကျယ်ကျယ်ပြန့်ပြန့် အပြင်ကို မထွက်သေးပါဘူး။အိမ်ထဲမှာပဲနေပါတယ်။ ကိုယ်တယောက်ထဲအတွက် ငိုတာတော့မဟုတ်ပါဘူး။ အကုန်လုံးဟာ ဒဏ်ရာအနာတရတွေနဲ့ ကြေကွဲစရာတွေ ဖြစ်နေကြပါတယ်။ အရင်တုန်းကရှိတဲ့ဟာတွေကို ခေါင်းထဲကတဆင့်၊ ခေါင်းထဲရှိတဲ့ဟာတွေကို ရင်ထဲကတဆင့်ရေးဖို့ ညကတည်းက စဉ်းစားပါတယ်။ မိုးလင်းထိ ကျနော်အိပ်လို့ မရပါဘူး။ ကျနော့်မှာ ပြောချင်တာတွေ အများကြီးရှိပါတယ်။ဒါပေမယ့် ကျနော်တို့ဘဝတွေက သိပ်ပြီးတော့ သတိနဲ့နေရပါတယ်။

ခိုင်သဇင် — ကလေးမြို့ထောင်မှာရှိနေတဲ့ဆရာ့သားအတွက်ရော။

ကြည်တင်ဦး — ကျနော့် သားမျက်နှာကို တွေ့ချင်လို့ သွားဖို့ ကျနော့်ကျန်းမာရေးကောင်းအောင် လောလောဆယ် ကြိုးစားချင်တယ်။ သူ့ဆီကို သွားချင်တယ်။ ကျနော်တို့ ကွဲသွားတာ ၆ နှစ်ရှိပြီ။

ခိုင်သဇင် — အရင်တုန်းကရော ထောင်ထဲမှာအတူတူပဲလား။

ကြည်တင်ဦး — မဟုတ်ဘူး။ သူထောင်ဝင်စာတွေ့တဲ့အချိန်တွေမှာ ကျနော်တို့ တွေ့ဆုံရတယ်။ သာယာဝတီထောင်ကို ကျနော် တနှစ် ရောက်သွားတဲ့အချိန်မှာ သူ အဖမ်းခံလိုက်ရတာပဲ။ ကျနော်သာယာဝတီထောင်မှာ တနှစ်နေပြီး ပြန်ရောက်လာတဲ့အချိန်မှာ သူက ကလေးထောင် ရောက်သွားပြီ။ ကျနော်တို့ မဆုံရပါဘူး။

ခိုင်သဇင် — ဆရာနဲ့ဘဝအတူ အကျဉ်းကျခံနေရတဲ့မိတ်ဆွေတွေနဲ့ သူတို့ရဲ့မိသားစုတွေကိုရော ဘာများ အားပေးစကားပြောချင်ပါသလဲ။

ကြည်တင်ဦး — ကျနော်တို့အားလုံး အထဲမှာ ဒုက္ခခံစားနေရတဲ့ဟာတွေကို မျက်လုံးနဲ့မြင်ထားရတဲ့အတွက် ဖြစ်နိုင်ရင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြစ်စေချင်တဲ့ဆန္ဒ အလွန်ရှိပါတယ်။

ခိုင်သဇင် — ဆရာက ကဗျာဆရာ တယောက်ဆိုတော့ ထောင်တွင်းခံစားခဲ့ရတာတွေကို ရင်ထဲမှာစပ်ခဲ့တဲ့ကဗျာတွေတော့ ရှိမှာပေါ့။

ကြည်တင်ဦး — အင်း … အဲဒါတွေကတော့ အများကြီးရှိတယ်။ ဒါပေမယ့် ရေးလိုက်၊ ကျက်လိုက်၊ မေ့လိုက်၊ ပျောက်လိုက်။အဲဒါလေးတွေကို ဒီကျတော့ ရနိုင်သလောက် ပြန်ချရေးဖို့ ကြိုးစားနေပါတယ်။

ခိုင်သဇင် — ဆရာ့ရဲ့ကဗျာကို မဖတ်ရတာကြာပြီဖြစ်တဲ့ ပရိသတ်တွေကို ဆရာ့ရင်ထဲမှာရှိတဲ့ ကဗျာလေးတပုဒ်လောက် လက်ဆောင်ပေးပါလားရှင်။

ကြည်တင်ဦး — တိုတိုလေးပေါ့။ သုံးကြောင်းပေါ့။ ခေါင်းစဉ်က 'လ ပေပုပ် ဖမ်းတဲ့ည'

ကြေး ရွှေရည်စိမ်သုတ်
အုတ်ချပ် ထုံးစိမ် ဆွဲကြိုးလုပ်
ချိုးငှက်တောင်ပံနုတ်……။" အဲဒါပါပဲ။

ခိုင်သဇင် — အခု ဆရာ ထောင်က လွတ်လာပြီဆိုတော့ ရှေ့ဆက်ပြီးတော့ရော ဘာတွေများ လုပ်ဆောင်သွားမယ်လို့ ရည်ရွယ်ထားပါသလဲရှင်။

ကြည်တင်ဦး —ကျနော် လောလောဆယ်တော့ စာတွေ အများကြီးရှာဖွေဖတ်ရဦးမှာ ဖြစ်ပါတယ်။ စာဖတ်ပြီးတော့ အထူးသဖြင့်တော့ ကဗျာရေးချင်စိတ် သိပ်ပေါ်တယ်။ လောလောဆယ်ကတော့ စားဝတ်နေရေး စီးပွားကိစ္စလည်း တဖက်က စဉ်းစားရတာပေါ့လေ။ စာရေးတာကတော့ စားဝတ်နေရေးအတွက် မဟုတ်ပါဘူး။ ငယ်ငယ်လေးကတည်းက ဝါသနာပါလို့ရေးတာပါ။ ကျနော့်မိသားစုအခြေအနေနဲ့ ကျန်းမာရေးကို အများကြီး ကြိုးစားရဦးမယ်။ ကျနော် ဒီတကြိမ် ပြင်းပြင်းထန်ထန် သေမလောက်ခံစားခဲ့ရပါတယ်။ အပြင်မှာ တနှစ်လောက် နေပြီးမှသေရင် ကျနော် တန်ပြီလို့ထင်ပါတယ်။ ဒီရောဂါတွေနဲ့ကတော့ မကြာပါဘူး။ ကျနော်သိပါတယ်။ အစသို့

## ကျောင်းသားလှုပ်ရှားမှုသမိုင်း စာအုပ်နှင့်ပတ်သက်၍ ဖမ်းဆီးခံထားသူ ဒေါက်တာမောင်မောင်ကျော် ကျန်းမာရေး ဆိုးရွားနေ

*၃၀ ၊ မတ် ၊ ၂၀၀၄ မောင်တူး(ဒီဗွီဘီ သတင်းထောက်၊ ထိုင်း)*

'ကျောင်းသားလှုပ်ရှားမှုသမိုင်း'စာအုပ် ရေးသားပြုစုရာတွင် ကူညီသည်ဆို၍ မော်လမြိုင်ထောင်၌ မတရားထောင်ချခံထားရသည့် ဒေါက်တာ မောင်မောင်ကျော် ကျန်းမာရေးဆိုးရွားနေပြီး အာဏာပိုင်များက အပြင်ဆေးရုံထွက်၍ ဆေးကုသခွင့် မပြုကြောင်းလည်း သိရသည်။

အသက် ၇၈ နှစ်ရှိ ဒေါက်တာမောင်မောင်ကျော်သည် ၁၉၅၀ ခုနှစ် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌဟောင်းဖြစ်ပြီး ကျောင်းသားသမိုင်းပြုစု ရေးသားမှုတွင်ပတ်သက်ခဲ့၍ ထောင်ကျနေခဲ့ရခြင်းဖြစ်သည်။ ယခုအခါ ဒေါက်တာမောင်မောင်ကျော်သည် နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် အသက်ရှူမဝ သည်အထိ ရောဂါဆိုးလာနေသော်လည်း ထောင်ပြင်ထုတ် ဆေးကုသခွင့်မပေးကြောင်း မော်လမြိုင်မြို့ရှိ နီးစပ်သူတဦးက ယခုလိုပြောပြသည်။

"ဒေါက်တာမောင်မောင်ကျော်က သူ့ကို ၅ (ည) နဲ့ ထောင် ၇ နှစ် ချထားတာပါ။ နှလုံး၊ သွေးတိုးသဘောပေါ့။ အသက်ရှူလို့မဝဘူး။ ပြည်သူ့ဆေးရုံ ကြီး တင်ပေးဖို့ တောင်းဆိုတယ်။ ဒါပေမယ့် ထောင်ပိုင်ကတော့ တာဝန်ရှိတဲ့သူတွေကို တင်ပြမယ်၊ ၅ ရက်လောက်တော့ ရှိပြီပေါ့။ ကျောင်းသား တယောက်ကနေ ကျောင်းသားသမိုင်းပြုစုမယ်ဆိုပြီးတော့ လာမေးတယ်။ သူ့အတွေ့အကြုံ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ လုပ်ခဲ့ဖူးတုန်းက အတွေ့အကြုံကို ပြောပြတာပေါ့ဗျာ။ အဲဒီ ဃချုန နဲ့ ရှေ့နေ ဦးတင်ရွှေတို့ဘာတို့ အများကြီးကို ၅ (ည) နဲ့တပ်ပြီး အရေးယူလိုက်တာ"

ထိုင်းနယ်စပ်အခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည် ကလည်း ...

"ဒေါက်တာမောင်မောင်ကျော်က ပြီးခဲ့တဲ့ ၅ ရက်၊ ၆ ရက်လောက်ကတည်းက ထောင်ပိုင်ဆီမှာ အပြင်ထွက်ပြီး ဆေးကုခွင့်တောင်းတယ်လို့ ပြော တယ်။ ထောင်ပိုင်က ဒီကိစ္စ သူတို့ မပိုင်ဘူးပေါ့။ ထောက်လှမ်းရေးကို အကြောင်းကြားရဦးမယ် ဆိုပြီးတော့ ပြောတယ်"

ရာဇဝတ်မှုဖြင့် ထောင်ကျနေသူများ ကျန်းမာရေးဆိုးလာလျှင် ထောင်ပြင်ထုတ် ကုသခွင့်ပေးရန် ထောင်ပိုင်တွင် တာဝန်ရှိသော်လည်း နိုင်ငံရေး အကျဉ်းသားများကို စစ်ထောက်လှမ်းရေးခွင့်ပြုမှ ကုသခွင့်ရှိကြောင်း သိရပါတယ်။ ယခုလို စစ်ထောက်လှမ်းရေးမှ ခွင့်မပြုခြင်းကြောင့် ၂၀၀၂ ခုနှစ် အတွင်းကလည်း ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦးအတွင်းရေးမှူး မိုင်အိုက်ပန်းသည် မော်လမြိုင်ထောင်၌ သေဆုံးသွားခဲ့ဖူးသည်။ ထောင်များထဲရှိ ကျန်းမာရေးဆိုးရွားနေသည့် အသက် ၆၀ ကျော် နိုင်ငံရေးအကျဉ်းသားများပတ်သက်၍ ကိုဘိုကြည် က ယခုလို ဆက်လက်ပြောပြသည်။

"ဒေါက်တာမောင်မောင်ကျော်ဆိုတာကတော့ ကျောင်းသားခေါင်းဆောင်တယောက်ပဲ။ အသက်ကလည်း တော်တော်ကြီးနေပြီ။ ဟိုတလောက ဦးစောနေဒွန်းဆိုလည်း အသက် ၈၀ ကျော်နေပြီ။ သူ့ရဲ့ကျန်းမာရေးအခြေအနေကလည်း တော်တော်ဆိုးနေပြီ။ အဲဒီထဲမှာ ဦးဝင်းတင်တို့၊ ဦးသုဝေတို့၊ ဦးထွေးမြင့်တို့ အစရှိသဖြင့်ရှိတယ်"

ထို့အတူ ပေါင်းတည်ထောင်နှင့် သာယာဝတီထောင်မှ အင်းစိန်ထောင်သို့ မကြာခင်ကပြောင်းရွှေ့လိုက်သည့် ကိုသက်နောင်စိုး၊ ကိုခင်မောင်ဦး၊ ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက်ဆက်သွယ်မှုဖြင့် ထောင်နှစ်ရှည်ကျခံနေရသော ပုဂံသန်းနိုင်တို့လည်း ကျန်းမာရေးဆိုးရွားနေကြသော်လည်း နအဖ က လွှတ်မပေးသည့်အပြင် ဆေးကုသခွင့်လည်း မပေးကြောင်း သိရှိရသည်။ အစသို့

## ဗကသများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကိုကိုကြီးအား နအဖ က ထောင်သက်တမ်း ၆ လ ထပ်မံတိုးမြှင့်

*၃၁ ၊ မတ် ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

သရက်ထောင်၌ မတရား ဖမ်းဆီးခံထားရသည့် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကို နအဖ က ပုဒ်မ ၁၀ (က) ထပ်တိုးခဲ့သည့်အပြင် ယခု လွှတ်ခါနီး ၌ ထပ်မံ၍ ၆ လ သက်တမ်းတိုးလိုက်ကြောင်း သိရသည်။ ထိုကိစ္စကို မကျေနပ်သည့်အတွက် ကိုကိုကြီးက အာဏာပိုင်များထံ ယခုလဆန်းပိုင်းက စာရေးကန့်ကွက်ခဲ့ကြောင်း မိသားစုဝင်တို့က ပြောဆိုသည်။

ဒေါ်အောင်ဆန်းစုကြည် နိုဗယ်ငြိမ်းချမ်းရေးဆုရရှိသည့်ကိစ္စကို ထောက်ခံမှုဖြင့် ဗကသ များအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ကိုကိုကြီးနှင့် ကိုဇော်မင်းတို့ကို ၁၉၉၁ ခုနှစ်တွင် စစ်ထောက်လှမ်းရေးက ဖမ်းဆီးပြီး ထောင်သက်တမ်းတွေ အကြိမ်ကြိမ်တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ နအဖ စစ်အစိုးရ၏ တည်ဆဲ ဥပဒေအရ ၁၀ (က) ပုဒ်မကို ၅ နှစ်အထိသာ ချုပ်နှောင်ခွင့်ရှိသော်လည်း ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကို ၅ နှစ်ခွဲအထိ ချုပ်နှောင်ထားမှုအပေါ် ကိုကိုကြီးက စာတင်ထားကြောင်း ညီဖြစ်သူ ကိုအောင်အောင်ထွန်းက ယခုလိုပြောဆိုသည်။

"၉ လပိုင်း ၉၉ ခုနှစ်မှာ သူ ၅ (ည) ကနေ လွတ်တယ်လို့ပြောတယ်။ လွတ်ပြီးပြန်ဖမ်းတာပဲ။ နေ့တွင်းချင်းပါပဲ ပြန်ပြီးတော့ ၁၀ (က) နဲ့ ဆွဲလိုက် တယ်။ မြို့ထဲကိုထုတ်ပြီးတော့မှ ပြန်ဆွဲလိုက်တာပဲ။ တရက်တောင်မှ ပြည်ရဲ့လားမသိဘူး။ အခုပြင်ဆင်လိုက်တဲ့အမိန့် အရဆိုရင် ၁၀ (က) ဆို ၅ နှစ် ပေါ့။ ၄ နှစ်ခွဲကြာသွားတယ်။ ၅ ရက် ၃ လမှာ နောက်ထပ် ၁ နှစ်ထပ်တိုးတယ်လို့ ထောင်ပိုင်က စာဖတ်ပြတယ်ပြောတယ်။ နည်းဥပဒေနဲ့ မညီညွတ်တဲ့ အကြောင်း စာတင်ထားတယ်လို့ သူပြောပြတာပဲလေ။ ဥပဒေအရဆိုရင် ၆ လပဲ ဆက်နေရမှာပေါ့။ ဒီနိုင်ငံမှာကလည်း နိုင်ငံရေးနဲ့ပတ်သက်ရင် ဒါဟာ ဂိတ်ဆုံးပြီလို့ သူသိထားတယ်။ အဲတော့ ဒီဟာက ၆ လလား၊ ၁ နှစ်လားဆိုတာကိုသေချာ Confirm ဖြစ်ချင်လို့ အကြောင်းပြန်ဖို့ ထပ်ပြီးတော့တောင်း ထားတယ်လို့ပြောပါတယ်"

ယခုလဆန်းပိုင်းကတည်းက စာတင်ခဲ့သော်လည်း နအဖ အာဏာပိုင်တို့က မည်သို့မှအကြောင်းမပြန်သေးဟုဆိုသည်။ ကိုကိုကြီး၏ လက်ရှိ ကျန်းမာရေးအခြေအနေကိုလည်း ...

"အစာအိမ်ကတော့ သူက အမြဲဖြစ်နေကျပါ။ လောလောဆယ်တောင်မှ သူ ညစာ မစားဘူးလို့ပြောတယ်။ အဖေနဲ့အမေကျတော့ အသဲကြွပ် ရောဂါ ဖြစ်ဖူးတယ်ဆိုတော့ မျိုးရိုးလိုက်ပြီးတော့ သူ့မှာလည်း ဖြစ်မှာစိုးတယ်။ အဆီကြိတ်တွေရှိတယ်ဗျ။ လက်မောင်းတွေ၊ ပေါင်တွေ၊ ဗိုက်တွေမှာ တွေ့ရ

တယ်။ ထောင်ထဲမရောက်ခင်တုန်းကတော့ ဒီလောက် မများဘူး။ အခု များလာတယ်။ အထဲမှာနေတုန်း လိပ်ခေါင်းလိုလို၊ ဗရင်ဂျီနာလိုလိုလည်း ဖြစ်တယ်"

သရက်ထောင်ဆေးရုံ၌ ဆရာဝန်မရှိသည့်အပြင် လိုအပ်သောဆေးများကို မိသားစုကပင် ပို့ပေးနေရကြောင်း ယခုလိုဆကလက်ပြောပြသည်။

"လိုတာတော့ မိသားစုက ပို့ပေးတာပါပဲ။ အစာအိမ်ဖြစ်ရင် အစာအိမ်ဆေးပေါ့။ ICRC ဝင်သေးတယ်လို့ပြောတယ်။ ပထမပိုင်းမှာတော့ မြို့နယ်ဆရာဝန်ကြီးက အရေးအကြောင်းရှိရင် ထောင်ထဲမှာဝင်ပြီးတော့ စစ်ဆေးပေးတယ်လို့ပြောတယ်။ မိသားစုဆိုတာကတော့ မြန်မြန်လွတ်လေ ကောင်းလေပေါ့ဗျာ။ ကျန်းမာရေးစောင့်ရှောက်မှုလည်း ပေးချင်တယ်။ ပညာရေးလည်း ဆုံးခန်းတိုင်အောင် သင်စေချင်တယ်။ လွတ်မြောက်ဖို့ဆိုတာ သူ့အနေနဲ့ တော့သူလုပ်နေတာပေ့ါ။ လိုအပ်လာရင်တော့ မိသားစုအနေနဲ့လည်း စာတင်တာတို့ ဘာတို့ လုပ်ရမှာပါပဲ"

တည်ဆဲဥပဒေအရ ပုဒ်မ ၁၀ (က) နှင့် ၅ နှစ်ကျော်အထိ ချုပ်နှောင်ခွင့် မရှိသည်ကိုလည်း ထိုင်း– မြန်မာ နယ်စပ်အခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီအတွင်းရေးမှူး ဦးအောင်ထူးက ယခုလိုပြောပြပါတယ်။

"အရင်တုန်းကဆိုရင် ၃ နှစ်အထိပဲ ချုပ်ခွင့်ရှိတယ်။ အခု ၅ နှစ်အထိ ချုပ်လို့ရတဲ့သက်တမ်းကို တိုးလိုက်တာဖြစ်ပါတယ်။ ၅ နှစ်ကျော် ထပ်ချုပ်ဖို့ကြိုးစားတဲ့ကိစ္စကတော့ ဥပဒေအခြေခံမှု၊ ဥပဒေစိုးမိုးရေးမှု၊ ဥပဒေပြဋ္ဌာန်းချက်များနဲ့ လုံးဝဆန့်ကျင်နေတယ်လို့ပဲ တင်ပြလိုပါတယ်"

ကိုကိုကြီးသည် ဗကသများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌလည်းဖြစ်ပြီး ကိုကိုကြီးနှင့် ဥက္ကဋ္ဌ မင်းကိုနိုင်တို့ကို ဖမ်းဆီးထားရာက အမြန်ဆုံးပြန်လွှတ်ပေးရန် ထိုင်း– မြန်မာနယ်စပ်အခြေစိုက် ဗကသများအဖွဲ့ချုပ် နိုင်ငံခြားရေးရာကော်မတီ တာဝန်ခံ ကိုမင်းနိုင်ကလည်း ယခုလိုတောင်းဆိုသွားခဲ့သည်။

"ကိုကိုကြီးနဲ့ပတ်သက်ပြီးတော့ သူက ထောင်လွတ်ရက်စေ့ပေမယ့်လည်း ခုချိန်ထိ ထပ်ပြီးဖမ်းဆီးထားတာလည်း မတရားတဲ့လုပ်ရပ်တခုလို့ ကျနော်တို့မြင်ပါတယ်။ ကိုကိုကြီးတင်မှ မဟုတ်ပါဘူး။ ၁၉၈၈ က ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ မင်းကိုနိုင်နဲ့ ကျန်တဲ့ခေါင်းဆောင်တွေဟာလည်း အခုထိ ထောင်ထဲမှာပဲ ဆက်ပြီးရှိနေတယ်။ ဒါကို ကျနော်တို့ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချတယ်။ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးဖို့ တောင်းဆိုလိုပါတယ်။"

ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံရေးအကျဉ်းသားများ၏ အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးနေသည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI)ပြောခွင့်ရပုဂ္ဂိုလ် ကက်သရင်းက ယခုလိုပြောဆိုသည်။

"ကိုကိုကြီးနဲ့ဇော်မင်းတို့ကို ပုဒ်မ ၁၀ (က) ထပ်တိုးခဲ့တယ်ဆိုရင်တောင် ထောင်သက်တမ်း ၅ နှစ်ထက် မပိုသင့်ပါဘူး။ စွဲချက်မတင်၊ ကြားနာခွင့်မရှိပဲ အခုလိုထောင်သက်တမ်းတွေတိုးနေတဲ့ အာဏာပိုင်တွေရဲ့ လက်ရှိဥပဒေကိုလည်း ကျမတို့ အလွန်ပဲစိုးရိမ်ပါတယ်။ အိတိတ်မှာလည်း ၁၀ (က) နဲ့ ဒီလို ထပ်တိုးနေတာတွေအတွက် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အထူးစိုးရိမ်မိကြောင်း အာဏာပိုင်တွေကို ကျမတို့ ဖော်ပြလိုပါတယ်"

ထို့ပြင် နအဖ၏ လက်ရှိဥပဒေများကို ပြန်လည်သုံးသပ်သင့်ကြောင်းလည်း လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ကက်သရင်းက တိုက်တွန်းသွားသည်။

အစသို့